ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုန်းပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 September 2023 ၁၁၂၁၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

## သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၃)အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရား အဝင်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




**ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေးစဉ်။

ယနေ့ ဖတ်စရာ

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက် စာမျက်နှာ » ၇

ကိုက်ညီသည့်အုပ်ချုပ်ပုံစနစ်နှင့်အတူ လူ၏စေတနာကသာ ပို၍အရေးကြီးပါသည် ဆောင်းပါး စာမျက်နှာ » ၁၂

ကြေးမုံ

# နားလည်စာနာထောက်ထားမှုဖြင့် ပူးပေါင်းကူညီ

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာသွားကြသူများ ပြန်လည်လက်ခံရေးအစီအစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုလသမဂ္ဂအပါအဝင် မြန်မာနိုင်ငံနှင့် သဘောတူညီထားရှိချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့သော် နောက်ကွယ်မှ အကြောင်းတရားများနှင့် ဖိအားပေးမှု၊ အကျပ်ကိုင်မှုများကြောင့် နေရပ်ပြန်ရေးအစီအစဉ်များကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးပေ။

မည်သို့ပင်ဖြစ်စေ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီက နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် အဘက်ဘက်တွင် လိုလေသေးမရှိအောင် အသင့်ပြင်ဆင်ဆောင်ရွက်ထားသည်။ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သံတမန်အသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများအား ကွင်းဆင်းသွားရောက်လေ့လာခွင့်ပြုခဲ့ရာ မြေပြင်အခြေအနေများကို အမှန်အတိုင်းမြင်တွေ့ခဲ့ရပြီး ကောင်းစွာသဘောပေါက်နားလည်လက်ခံခဲ့ကြသည်။

ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသွားသူများနှင့်ပတ်သက်၍ အနောက်နိုင်ငံများနှင့် အပေါင်းပါများ၊ ပြည်ပသတင်းဌာနများ၊ အကြမ်းဖက်သမားများက မမှန်မကန်သတင်းများ၊ ဖိအားပေးနှောင့်ယှက်မှုများကြောင့် အမှန်တရားနှင့်ဝေးကွာပြီး ကြန့်ကြာမှုများဖြစ်ခဲ့သည်။ မြေပြင်အခြေအနေမှန်များကို ပြည်ပမီဒီယာများက ရည်ရွယ်ချက်ရှိရှိချန်လှပ်ပြီး တစ်ဖက်သတ်လိုရာဆွဲ၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်မှုများကြောင့် နေရပ်သို့မပြန်သေးကြောင်း ပုံဖျက်ပြောကြားနေကြသည်။ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၏အကျိုးစီးပွားကို မထိခိုက်ပါက နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဟု အတိအလင်းပြောကြားထားသည်။

ပဋိပက္ခဖြစ်စဉ်အပြီး နေရပ်စွန့်ခွာသွားကြသူများအား ပြန်လည်လက်ခံရေးမူ(၅)ချက်ဖြစ်သည့် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူ၊ မိမိဆန္ဒအရ ပြန်လာမည့်သူ၊ ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ မှန်ကန်ကြောင်း ထောက်ခံချက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားခဲ့သည့်ကလေးများဖြစ်ပါက မိဘနှစ်ပါးသည် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သူ၊ နေရပ်စွန့်ခွာသွားသူများ ဘင်္ဂလားဒေ့ရှ်ဘက်သို့ရောက်ရှိပြီး မွေးဖွားသည့်ကလေးမှန်ကန်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ထောက်ခံချက်တို့နှင့် ညီညွတ်ရမည်ဖြစ်သည်။ အဆိုပါမူ(၅)ချက်နှင့်အညီ ပြန်လည်လက်ခံရေးအတွက် လိုအပ်သည်များကို အားလုံးအသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

လက်ခံရေးလုပ်ငန်းစဉ်အတွက် အဆင့်သုံးဆင့်သတ်မှတ်ထားပြီး ပထမဦးစွာ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးစစ်ဆေးပြီး နိုင်ငံသားဖြစ်မှုအတွက် စိစစ်ရေးကတ်ထုတ်ပေးပြီးနောက် နိုင်ငံသားဖြစ်ရန် ဆက်လက်လျှောက်ထားနိုင်သည်။ လုပ်ငန်းစဉ်များပြီးသည့်အခါ ပြန်လည်လက်ခံရေးစခန်းတွင် ခေတ္တထားပြီးနောက် လှဖိုးခေါင်ကြားစခန်းတွင် ထားရှိမည်ဖြစ်သည်။ ကြားစခန်းတွင် မိသားစုအလိုက် နေထိုင်နိုင်ပြီး ဆန်၊ ဆီ၊ ဆား၊ အိုး၊ ခွက်၊ ပန်းကန် လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးပြီးနောက် အမြဲတမ်းအခြေချနေထိုင်မည့်နေရာသို့ ပြောင်းရွှေ့ပေးမည်ဖြစ်သည်။

အမြဲတမ်းအခြေချနေထိုင်မည့်ဒေသတွင် ဆေးရုံ၊ ဆေးခန်း၊ ကျောင်းစသည့် ပညာရေး၊ ကျန်းမာရေးတို့ကို ဖြည့်ဆည်းပေးထားမည့်အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ထောက်ပံ့မှုများလည်း ပြုလုပ်ပေးမည်ဖြစ်သည်။ ယခုမိုးရာသီကုန်ပြီး ခြောက်သွေ့ရာသီတွင် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းများကို အမြန်ဆုံးစတင်မည်ဖြစ်ပြီး ရွာ ၂၀ တွင် အိမ်ခြေ ၁၀၀၀ စာအတွက် အသင့်ပြင်ဆင်ထားသည်။ ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်လာအောင် ကျော်လွှားသွားပြီး ကူမင်းသဘောတူညီချက်အရ ယခုနှစ်အတွင်း လူ ၇၀၀၀ လက်ခံရန်လျာထားသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအစီအစဉ်များကို အစောပိုင်းကတည်းက အသင့်ပြင်ဆင် ဆောင်ရွက်ထားပြီးဖြစ်သော်လည်း အနှောင့်အယှက်အမျိုးမျိုးကြောင့် အောင်မြင်မှုများမရရှိသေးသော်လည်း စေတနာမပျက်၊ တာဝန်မပျက် ကျေပွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော လူမှုဘဝဆုံးရှုံးပျက်စီးမှုများကိုလည်း မူလအခြေအနေထက်သာလွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေရပ်စွန့်ခွာသွားသူများအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး ဘဝလုံခြုံမှုအတွက် ရှေးရှုဆောင်ရွက်နေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်မှ ပြည်သူများ ပိုမိုကောင်းမွန်သည့် လူမှုဘဝများကို ရရှိနိုင်စေရန် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကုလသမဂ္ဂနှင့်အဖွဲ့အစည်းများ၊ နိုင်ငံများကလည်း နားလည်စာနာထောက်ထားမှုများဖြင့် လက်တွဲပူးပေါင်း ကူညီဆောင်ရွက်သင့်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ပုလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ




ပုလော စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ပုလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။

စကားဝိုင်းတွင် ပုလောမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်သီသီလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေမီလှိုင်က Moderator အဖြစ်ဆောင်ရွက်ပြီး ပုလောမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade –12 မှ မောင်ကောင်းသန့်ဇော်နှင့် မသူဇာဆင့်တို့က လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade –11 မှ မောင်အောင်ဇော်ထွေးနှင့် မသိမ့်သန္တာလင်းတို့က လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပုလော(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းမှ ရဲအုပ်ဆန်းဦး ဦးစီးသော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက် နံနက် ၇ နာရီတွင် ပျော်ဘွယ်မြို့နယ် ပေပင်လေးကျေးရွာ အောင်ဇေယတုဘုန်းကြီးကျောင်းဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၃၀၀ | ၃၀၆ | ၂,၈၄၀,၂၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁,၅၁၇ | ၄,၇၀၃,၅၅၀ |
| MCB | ၇,၉၀၀ | ၈,၀၀၀ | ၃၃၀ | ၂,၆၀၇,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၆၁၅ | ၁,၀၄၈,၂၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂ | ၄,၈၀၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၂၇၄ | ၁,၃၁၅,၅၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၅၀ | ၃၀၅ | ၅၄၉,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

**အဓိက ကဏ္ဍတွင် ပါဝင်**

**“ဥတုရာသီ တောကိုမှီ”** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် သက်ရှိများနေထိုင်ရာ ကမ္ဘာမြေကြီးသာယာလှပစေရုံသာမက သက်ရှိများ ကောင်းမွန်စွာ ရှင်သန်နိုင်ရန် များစွာပံ့ပိုးကူညီပေးနေပါကြောင်း၊ ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များကိုလည်း တည်ငြိမ်စေပါကြောင်း၊ ရာသီဥတု မျှတကောင်းမွန်စေပြီး မြေနှင့်ရေကို ထိန်းသိမ်းပေးခြင်းဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လေမုန်တိုင်းကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးပါကြောင်း၊ စားရေရိက္ခာ၊ ဆေးဝါးနှင့်သစ်တောထွက်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးပါကြောင်း၊ သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်(၃)ရပ်ကို ဟန်ချက်ညီညီ ထိန်းညှိပေးပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိက ကဏ္ဍတွင် ပါဝင်ပါကြောင်း။

၂၀၂၃ ခုနှစ် မေ ၁၄ ရက်၌ ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် စစ်တွေမြို့အပါအဝင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ် ၁၀ မြို့နယ်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းကို သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်နိုင်ရန်အတွက် သစ်တောပြုန်းတီးမှု လျော့နည်းရေးနှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝအစိမ်းရောင်တံတိုင်းများဖြစ်သည့် ဒီရေတောနှင့် သစ်ပင်သစ်တောများကို အရှိန်အဟုန်မြှင့် စိုက်ပျိုးထိန်းသိမ်းရေး အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်**

ထို့ပြင် မိုးလေဝသခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လ ကာလအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟု သိရှိရပါကြောင်း၊ ယခင်အတွေ့အကြုံများအရ မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ပူပြင်းခြောက်သွေ့ဒဏ်ခံနိုင်မှုရှိစေရေးနှင့် ရေပြတ်လပ်မှုမရှိစေရေး ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်သွားကြရန်လည်း လိုအပ်ပါကြောင်း။

သစ်တောများအတွင်းရှိ သစ်ပင်များသာမက သစ်တောများ ပြင်ပတွင်ရှိနေသည့် သစ်ပင်သစ်တောများသည်လည်း အလွန်အရေးကြီးပါကြောင်း၊ **“သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေအပန်းပြေ၏”** ဆိုသည့်အတိုင်း ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင် နေရာအသီးသီးတွင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရန် သစ်ပင်များရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးနှင့် ရထားလမ်းများတစ်လျှောက် စိမ်းလန်းစိုပြည်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး သစ်ပင်များစိုက်ပျိုး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်သည့်အတွက် ကျေးလက်ထင်းလောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန်၊ နိုင်ငံတစ်ဝန်း ကျေးရွာများတွင် ဒေသအလိုက် သင့်တော်သည့်အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ တောင်ထိပ်၊ တောင်ကုန်းတောင်တန်းများ၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ သစ်ပင်များစိုက်ပျိုးရန်၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုး ထိန်းသိမ်းရန်၊ ကမ်းရိုးတန်း ဒီရေရောက်ဒေသများတွင် ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်**

သစ်ပင်စိုက်ပျိုးခြင်းသည် အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှပါကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝမြေယာရှုခင်းများဖြစ်အောင် စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာ ဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

**☆ “ဥတုရာသီ တောကိုမှီ” ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် သက်ရှိများနေထိုင်ရာ ကမ္ဘာမြေကြီးသာယာလှပစေရုံသာမက သက်ရှိများကောင်းမွန်စွာ ရှင်သန်နိုင်ရန် များစွာပံ့ပိုးကူညီပေးနေ**

**☆ သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့်ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်(၃)ရပ်ကို ဟန်ချက်ညီညီထိန်းညှိပေးပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိကကဏ္ဍတွင် ပါဝင်**

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးထားရှိသည့် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သစ်ပင်များ စဉ်ဆက်မပြတ်ရှင်သန်ဖြစ်ထွန်းစေရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်မှုရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့်သစ်မျိုးများ အပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီးရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ယခင် နိုင်ငံရေးပါတီများနှင့် လေးကြိမ် တွေ့ဆုံဆွေးနွေးပြီး နောင်ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) ကို ပြောင်းလဲကျင့်သုံးရန် သဘောတူညီခဲ့ကြကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် ကိုက်ညီမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းထုတ်ပြန်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်တာဝန်များကို ဦးဆောင်ပြီး ဆောင်ရွက်ရမည်ဖြစ်ရာ ခိုင်မာအားကောင်းသော အဖွဲ့အစည်းများဖြစ်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အသစ်ပြဋ္ဌာန်း ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း။

ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀ နှင့် ပါတီအသစ်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ ၁၄ ပါတီ စုစုပေါင်း ၆၄ ပါတီရှိကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင် မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၄ ပါတီကို ဥပဒေနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိကြောင်း၊ နိုင်ငံရေးပါတီအသစ် တည်ထောင်လိုသူများအနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားနိုင်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို ပါဝင် ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

မဲဆန္ဒရှင် စာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်ရေးနှင့် လျင်မြန် လွယ်ကူစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးရာတွင် မဲမသမာမှုများ မဖြစ်စေရန်နှင့် မဲပေးရာတွင် မြန်ဆန်လွယ်ကူခြင်း၊ အချိန်တိုအတွင်း တိကျသောမဲရလဒ်များ ရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပယ်မဲမရှိခြင်း၊ မဲလက်မှတ်များရိုက်နှိပ်ရသည့် ကုန်ကျစရိတ်များ လျော့နည်းစေခြင်းတို့အတွက် ရည်ရွယ်ပြီး အီလက်ထရောနစ်မဲပေးစက် အသုံးပြုရေးကို ဆောင်ရွက်ခဲ့ကြောင်း။

**အကျိုးကျေးဇူးများရရှိမည်**

မြန်မာ အီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာဖြင့် မြန်ဆန်စွာ ရေတွက်နိုင်မည်ဖြစ်ကြောင်း၊ စက်အသုံးပြု မဲပေးသည့်အတွက် မဲလက်မှတ်များ ရိုက်နှိပ် ဖြန့်ဝေဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများ မဖြစ်ပေါ်နိုင်ခြင်း၊ ပယ်မဲများကြောင့် မဲဆန္ဒရှင်များ၏မဲများ အဟောသိကံဖြစ်မှု မရှိတော့ခြင်း၊ မဲလက်မှတ်ရိုက်နှိပ်မှုနှင့် မဲရုံသုံးပစ္စည်းဝယ်ယူကုန်ကျမည့် စရိတ်များကို လျှော့ချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံရေးပါတီများသည်ပြည်သူကို ကိုယ်စားပြုပြီး မိမိဒေသအကျိုး၊ မိမိ တိုင်းရင်းသားများအကျိုးနှင့် နိုင်ငံတော် အကျိုးအတွက် ဦးဆောင်ဦးရွက်ပြုရမည့် အရေးပါသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုရမည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေနှင့် ပါတီရုံးများသည် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာတောင့်တင်းရန်လိုကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများသည် မိမိတို့၏ စည်းရုံး ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပြီး ရရှိမည့်ဆန္ဒမဲအပေါ် မူတည်၍ ကိုယ်စားလှယ်များ အချိုးကျ ရရှိမည်ဖြစ်သဖြင့် တိုင်းရင်းသားပါတီများ အနေဖြင့်လည်း မိမိနယ်မြေဒေသအလိုက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ မိမိတို့လူမျိုးစုများနှင့် ပြည်သူ့အကျိုး ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် မှန်ကန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်သည့် နိုင်ငံရေးပါတီများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာ အီလက်ထရောနစ်မဲပေး စက် (MEVM) နှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြပြီး တက်ရောက်လာသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ အရာထမ်း ၆၆ ဦး၊ နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ် ၁၂၄ ဦး၊ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာ ၆၆ ဦး စုစုပေါင်း အင်အား ၂၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာမိုဟာမက် မွန်(န)ဝါ ဟူစိန် အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှုအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင် အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အင်ဂျင်နီယာ ပညာတော်သင်များစေလွှတ်၍ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

**လှည်းကူး စက်တင်ဘာ ၅**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးစီး၍ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ဖောင်ကြီးအရှေ့ကျေးရွာတွင် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဦးစွာ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနမှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။ ဆက်လက်၍ ကျေးရွာနေပြည်သူများအား ကိုဗစ် - ၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုများ၊ Biometric သရုပ်ပြ ကောက်ယူနေမှုများနှင့် သွားရောဂါ ကုသပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်






**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများကို အစိုးရ အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်သည့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ အသီးသီးမှ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)” အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

**ထိန်းသိမ်းသွားရန် လိုအပ်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးသည် အုပ်ချုပ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသော ကဏ္ဍအသီးသီးတွင် Digital Transformation ကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ၏ Digital Transformation ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန် အတွက် e-Government အား မဖြစ်မနေ ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ E-Government Development Index (EGDI) တွင် အလယ်အလတ်အဆင့်သို့ ကူးပြောင်းနိုင်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် အဆင့် ၁၆၉ ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃၄ သို့ ရောက်ရှိလာပြီး အဆင့် ၃၅ ဆင့် တိုးတက်လာခဲ့ကြောင်း၊ ယင်းတိုးတက်မှုများသည် ထင်ရှားသော ရလဒ်ကောင်းများ ဖြစ်သည့်အတွက် ဆက်လက် ထိန်းသိမ်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် e-Government ကို ကျော်လွန်ပြီး Digital Government ကို ဦးတည် လျှောက်လှမ်းနေကြပြီ ဖြစ်၍ မြန်မာနိုင်ငံသည်လည်း ယခုအချိန်မှစ၍ Digital Government ကို ဦးတည်ချဉ်းကပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သွားနိုင်ရန် အဓိက လိုအပ်ချက်တစ်ခု ဖြစ်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် National Strategic Vision ကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် Digital World၊ New Digital trends များနှင့်အတူ နောက်ကျကျန်ခြင်းမရှိဘဲ လိုက်ပါဆောင်ရွက်နိုင်ရန် ယခင် e-Governance Master Plan ကို ဖြည့်စွက် မွမ်းမံပြင်ဆင်ပြီး ယခု Myanmar e-Governance Master Plan 2030 ရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုမူကြမ်းတွင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်မူဘောင်များကို ထည့်သွင်းရေးဆွဲထားပြီး ၂၀၃၀ ပြည့်နှစ်အထိ ကာလတို၊ ကာလရှည် အချိန်အပိုင်းအခြားအလိုက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ တည်ဆောက်သွားသင့်သော နည်းပညာအခြေခံအဆောက်အအုံများ၊ ရေးဆွဲပြဋ္ဌာန်းသင့်သော ICT ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များကိုလည်း ပြည့်စုံစွာထည့်သွင်းထားကြောင်း။

ဆိုပါ လုပ်ငန်းအစီအမံများကို ထိရောက်အကျိုးရှိစွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၉) ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အထောက်အပံ့ကောင်း ဖြစ်စေပြီး ရေရှည်တည်တံ့ ခိုင်မြဲသော၊ ဆန်းသစ် တီထွင်မှုများနှင့် အားလုံးပါဝင်နိုင်သည့် အခြေအနေများကို လမ်းဖွင့်ပေးထားသော၊ နိုင်ငံတကာ/ အာဆီယံ အသိုက်အဝန်းများနှင့် ပေါင်းစည်းသော Digital Economy ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အစီအမံတစ်ခုဖြစ်သည့် Myanmar e-Governance Master Plan 2030 မူကြမ်းအပေါ်တွင် ယခု အလုပ်ရုံဆွေးနွေးပွဲမှ ကောင်းမွန်သည့် အကြံပြုချက်များ၊ ရလဒ်ကောင်းများ ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန e-Government ဌာန ညွှန်ကြားရေးမှူးက Myanmar e-Governance Master Plan 2030 (မူကြမ်း) တွင် ပါဝင်သော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် အစိုးရအဖွဲ့အစည်းများ၏ Chief Information Officer (CIO) များက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ Chief Information Officer (CIO) များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Under-Secretary-General Mr. Martin Griffiths ၏ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နောက်ပိုင်း မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan လည်း တက်ရောက်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



# ပေါင်မြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

**သထုံ စက်တင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပြုလုပ်သည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(ယိုမျိုးစုံ) သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ဇာကဒွန်းကျေးရွာရှိ မဂဒူးခန်းမ၌ စတင်ဖွင့်လှစ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က အမှာစကားပြောကြားပြီး သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများက ဈေးကွက်ဝင် ယိုမျိုးစုံထုတ်လုပ်နည်းများကို စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းပြီးစီးပါက သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(ဖျော်ရည်) သင်တန်းကို ငါးရက်ကြာ ဆက်လက်သင်ကြားပေးမည်ဖြစ်ကာ သင်တန်းအားလုံးပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသူ ငါးဦးကို စိစစ်ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးစက်ပစ္စည်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ကန့်ကွက်

(၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့ခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ မှတ်သားရသည်။

အာဆီယံပဋိညာဉ်စာတမ်းအပိုဒ်(၅)ပါ "အခွင့်အရေးနှင့် တာဝန်ဝတ္တရား" မူနှင့် သွေဖည်လျက် မြန်မာနိုင်ငံ၏ အခွင့်အရေးဖြစ်သည့် တန်းတူရည်တူကိုယ်စားပြုမှုအား ငြင်းပယ်ခဲ့သဖြင့် (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်ခြင်း မပြုခဲ့ပါ။

အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ ဖော်ပြပါ ထုတ်ပြန်ချက် (မူကြမ်း) အား မြန်မာနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မြန်မာနိုင်ငံ၏အမြင်နှင့် ရပ်တည်ချက်တို့ကို ထည့်သွင်းမဖော်ပြဘဲ လျစ်လျူရှုခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အပြုသဘောမဆောင်သည့် သုံးသပ်ချက်များနှင့် တစ်ဖက်သတ်ဆန်ပြီး မျှတမှုမရှိသည့် ဆုံးဖြတ်ချက်များပါရှိသည့် တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြေခံမူများကို တိကျစွာလေးစားလိုက်နာလျက် အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ထပ်လောင်းအသိပေးအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၅ ရက်**

# မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ The Pagoda Digital Directory ပြုလုပ်ထားရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၌ The Pagoda Digital Directory ပြုလုပ်ထားရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) အမျိုးသားပြတိုက် နေပြည်တော်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘုရားစေတီဂေါပကအဖွဲ့ဝင်များ၊ IT ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ မဟာမြတ်မုနိဘုရား၊ မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်၊ အာနန္ဒာဘုရား၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၊ မကွေးမြို့ မြသလွန်ဘုရား၊ ပြည်ရွှေဆံတော်ဘုရား၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းဘုရားတို့၏ ဂေါပကအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဘုရားများ၏ သတင်းအချက်အလက် အကြောင်းအရာများ၊ ဘုရားသမိုင်းများနှင့်ပတ်သက်၍ Digitalize ပြုလုပ်ရေး၊ Touch Screen များ အသုံးပြု၍ အများပြည်သူ အလွယ်တကူသိရှိအောင် ခေတ်မီနည်းပညာများ အသုံးပြုရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနလက်အောက်ရှိ ပြတိုက်များတွင် ပြသပစ္စည်းများအား Digital စနစ်ဖြင့် ပြသနိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြတိုက်များနှင့် ရှေးဟောင်းနေရာများအား ဦးစီးဌာန Website မှ တစ်ဆင့် တစ်နေရာတည်းတွင် လေ့လာနိုင်ရေး၊ ရှားပါးပစ္စည်းများအား 3D ရိုက်ကူး၍ အသေးစိတ်ကြည့်ရှုနိုင်ရေးနှင့် Virtual Tour စနစ်ဖြင့် ပြတိုက်များကို လေ့လာနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဘုရားစေတီ ပုထိုးများနှင့် သာသနာရေးဆိုင်ရာ ပြတိုက်များတွင်လည်း The Pagoda Digital Directory ပြုလုပ်ထားရှိ ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုများကိုလေ့လာပြီး မိမိတို့ဘုရားစေတီပြတိုက်များတွင် ဌာနနည်းတူ သို့မဟုတ် ပိုမိုကောင်းမွန်သည့် The Pagoda Digital Directory ကို ဖန်တီးပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ Digital ခေတ်မီနည်းစနစ်များဖြင့် ပြသနိုင်ခြင်းဖြင့် ပြည်သူလူထုနှင့် ကမ္ဘာလှည့်ခရီးသွားများ မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ အလွယ်တကူရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်နုမြဲ့က The Pagoda Digital Directory အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစေတီ၏ တည်နေရာပြမြေပုံ၊ ဘုရားသမိုင်း၊ သက်ဆိုင်ရာမြို့သမိုင်း၊ Tourism လမ်းကြောင်းပြမြေပုံ၊ သက်ဆိုင်ရာ ဘုရား၊ စေတီပရိဝုဏ်အတွင်း သွားရောက်ဖူးမြော် ကြည်ညိုလေ့လာရမည့်နေရာများ၊ နေရာတစ်ခုချင်းစီ၏ အကြောင်းအရာ ရှင်းလင်းချက်များ၊ မြန်မာမှုအနုလက်ရာ ပန်းဆယ်မျိုးတို့ဖြင့် ထုံမွမ်း တည်ဆောက် လှူဒါန်းပူဇော်ကိုးကွယ်ခဲ့မှုများကို ကြည်ညိုသဒ္ဓါပွားများဂုဏ်တက်စေမည့် ပြကွက်များ၊ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ဗုဒ္ဓသာသနာတော် အရှည်ခန့်၍ တည်တံ့အောင် ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ် အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြစ်ပေါ်စေသည့် ပြကွက်များ ပြည့်စုံစွာ ပါဝင်နိုင်ရေးတို့အတွက် ဘုရား၊ စေတီများမှဂေါပကများ၊ ကျွမ်းကျင်သူများ၊ ယခင်တာဝန်ယူ ဆောင်ရွက်ခဲ့ဖူးသော ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာမြို့များရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကျွမ်းကျင်သူများ၊ IT ပညာရှင်များဖြင့် စနစ်တကျဖွဲ့စည်းသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က The Pagoda Digital Directory နှင့် ပတ်သက်၍သရေခေတ္တရာနယ်မြေနှင့် အမျိုးသားပြတိုက် (နေပြည်တော်) တို့တွင် လက်ရှိဆောင်ရွက်လျက်ရှိသော Digital Directory ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက တက်ရောက်လာကြသည့် ဘုရား၊ စေတီဂေါပကအဖွဲ့များအနေဖြင့် The Pagoda Digital Directory နှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ရွှေတိဂုံစေတီတော်တွင် ပြုလုပ်ထားမှုကို နမူနာရယူ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ သက်ဆိုင်ရာဘုရား ဂေါပကအဖွဲ့များက ဆွေးနွေးကြပြီး ပြည်ရွှေဆံတော်ဂေါပကအဖွဲ့က ပြည်မြို့ ကွန်ပျူတာတက္ကသိုလ်မှ လှူဒါန်းထားသော Digital Information System ဆောင်ရွက်မှုကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း The Pagoda Digital Directory ပြုလုပ်ထားရှိနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဲ့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ အကြံပြုချက်များနှင့်အတူ တက်ရောက်လာကြသော ဘုရား၊စေတီဂေါပကအဖွဲ့ဝင်များ၊ ITပညာရှင်များနှင့် ဆက်လက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် မီဒီယာများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ - ၁၀- ၂၀၂၃ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁၈-၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၅**

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်း အချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။

သဘောတူစာချုပ် ချုပ်ဆိုပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စာတည်းမှူးချုပ်များ၊ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov နှင့် အဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတကာသတင်းဌာန တစ်ခုဖြစ်သည့် Rossiya Segodnya (Sputnik) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အင်္ဂလိပ်သတင်းစာ The Global New Light of Myanmar တို့သည် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးရည်ရွယ်ချက်ဖြင့် သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရေးအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပါကြောင်း။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ကြည့်လိုက်လျှင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က စတင်ခဲ့ပြီး ယခုဆိုလျှင် (၇၅)နှစ် စိန်ရတုကိုပင် လွန်မြောက်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ ဆက်သွယ်ဆက်ဆံရေး အစပြုခဲ့ချိန်မှစပြီး အစဉ်အလာကောင်းခဲ့သည့် မြန်မာ – ရုရှား ဆက်ဆံရေးသည် အချိန်ကြာလာသည်နှင့်အမျှ ယုံကြည်မှု၊ အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး နှစ်နိုင်ငံ အကျိုးစီးပွားအတွက် မဟာဗျူဟာမြောက် ဘက်စုံဆက်ဆံရေးကို ထူထောင်လျက်ရှိသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ဤကဲ့သို့ ဆက်ဆံရေးမျိုးရှိရန် ဆိုသည်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား စိတ်ရင်းစေတနာ မှန်ကန်စွာဆက်ဆံနိုင်မှုနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားနိုင်လို့ပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပတ်သက်နေမှုသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ပြယုဂ်တစ်ခုအဖြစ် ကမ္ဘာကြီးကို သက်သေပြနေခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာ-ရုရှား ဆက်ဆံရေးသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပိုမိုအားကောင်းခဲ့သကဲ့သို့ ၂၀၁၁ ခုနှစ်တွင် သိသိသာသာ အရှိန်အဟုန်မြင့်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားနိုင်ငံ ခရီးစဉ်မှစပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မည့် အစီအစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

အခုကဲ့သို့ နိုင်ငံတကာ အဆင့်အတန်းမီပြီး ဂုဏ်သိက္ခာရှိသည့် သတင်းအေဂျင်စီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာမီဒီယာသမားများ အတွက် အားတစ်ခုဖြစ်စေပြီး သတင်းရေးသား တည်းဖြတ်မှုများ၊ ခေတ်ပုံရိုက်ကူးမှု နည်းပညာတို့ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းအတတ်ပညာဆိုင်ရာများကို နှစ်ဖက်အပြန်အလှန် လေ့လာခွင့်ရမည်လည်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ညီရင်းအစ်ကိုတမျှ ဆက်ဆံရေး ခိုင်မာလျက်ရှိပြီး ချစ်ကြည်ရင်းနှီးကြသည့် မြန်မာ-ရုရှားဆက်ဆံရေးကို အကြောင်းပြုပြီး ယခုစာချုပ် ချုပ်ဆိုကြမည့် စာချုပ်ဝင်များက သတင်းပြန်ကြားရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာမှု၊ အားကစား၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာသတင်းများ ရေးသားတင်ပြနိုင်ရေး၊ သတင်းစီးဆင်းမှု ပိုမိုသွက်လက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှု၊ ထပ်တူကျမှုတို့ ရရှိစေရေးဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် စီမံဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ရုရှား-မြန်မာ ညီရင်းအစ်ကို ဆက်ဆံရေး ထာဝရတည်မြဲပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခွန့်ရှည်ဖြစ်ထွန်းပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေ့မှောက်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး The Global New Light of Myanmar ၏ Board of Director ဥက္ကဋ္ဌ ဦးသက်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov တို့က သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မြန်မာ၊ ရုရှားနှင့် အင်္ဂလိပ် တေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြသည်။ ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များအား SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးက ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေကို လည်းကောင်း ပေးအပ်ကြသည်။

ယနေ့ The Global New Light of Myanmar သတင်းစာနှင့် သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခဲ့သည့် SPUTNIK Information Agency ကို ရုရှားနိုင်ငံပိုင် Rossiya Segodnya (Russia Today) သတင်းဌာနက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ဌာနချုပ်မှာ မော်စကိုမြို့တွင် အခြေစိုက်သည်။ ထို့ပြင် ဝါရှင်တန်ဒီစီ၊ ကိုင်ရို၊ ပေကျင်း၊ ပါရီ၊ ဘာလင်၊ မက်ဒရစ်၊ မွန်တီဗီဒီယိုနှင့် ရီရိုဒီဂျနေးရိုးမြို့တို့တွင် ဒေသဆိုင်ရာ ရုံးခွဲများ ဖွင့်လှစ်ထားသည်။ အဆိုပါ သတင်းအေဂျင်စီဝက်ဘ်ဆိုက်သည် တစ်လလျှင် ကြည့်ရှုသူ ၆၆ သန်းကျော်ရှိသည့် သတင်းမီဒီယာတစ်ခု ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov နှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်၊ အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီး နှင့် ကျောက်စာရုံစေတီတော်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာဆိုင်ရာများအကြောင်း ဟောပြောပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာဆိုင်ရာများအကြောင်း ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများက သတင်းမီဒီယာကဏ္ဍ၏ အရေးကြီးမှု၊ သတင်းတု၊ သတင်းမှားများအား ခွဲခြားနိုင်စေရေးနှင့် စာပေရေးရာများကို ကဏ္ဍအလိုက် ဟောပြောဆွေးနွေးခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦး၊ ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်၊ ပုဇွန်တောင်မြို့နယ်တာဝန်ခံ မြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခင်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ခါတ်ခွဲနမူနာစုစုပေါင်း ၄၁၁၂ ခု စစ်ဆေးပြီးစီး ကိုဗစ် – ၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၅–၉–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၄–၉–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၉–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ခါတ်ခွဲနမူနာစုစုပေါင်း (၄,၁၁၂) ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဦးကိုကိုလွင်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်းများက မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် Myanmar Electronic Voting Machine (MEVM)စက်များအား ဝန်ကြီးဌာန အဖွဲ့အစည်းများသို့ သွားရောက်၍ သရုပ်ပြရှင်းလင်းဆွေးနွေးခြင်းများကို မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ဝန်ကြီးဌာနအဖွဲ့အစည်း ၃၂ ခု၌ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၆၃၁၄ ဦးတို့က လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း စက်နှင့်ပတ်သက်၍ ချို့ယွင်းချက်တစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခြင်းမျိုး မရှိသည့်အတွက် MEVM စက် အသုံးပြုမှုအပေါ်တွင် စိတ်ချယုံကြည်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စမ်းသပ်မဲပေးခဲ့ကြသည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများ၏ လက်တွေ့မဲပေးမှု အတွေ့အကြုံများမှ တစ်ဆင့် အကြံပြု ဆွေးနွေးချက်များရှိပါကလည်း ယင်းအကြံပြုချက်များ အပေါ် သုံးသပ်၍ ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ ရှစ်ပါတီတို့အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဦးကိုကိုလွင်တို့သည် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော ကရင်ပြည်နယ်အခြေစိုက် ဖလုံ–စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၊ ချင်းပြည်နယ်အခြေစိုက် ခူမီးအမျိုးသားပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီးအခြေစိုက် ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party(S.S.P)]၊ နာဂအမျိုးသားပါတီ [Naga National Party(NNP)]၊ မွန်ပြည်နယ် အခြေစိုက်အမျိုးသမီး ပါတီ(မွန်)၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)နှင့် ရှမ်းပြည်နယ်အခြေစိုက် “ဝ”အမျိုးသား ပါတီ (WA NATIONAL PARTY)တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဦးကိုကိုလွင်တို့က မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့် ပါတီဝင်အင်အားပြည့်မီအောင် စုဆောင်းရေးနှင့် ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ် ပါတီရုံးများဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနများမှ ခွင့်ပြုချက် တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့က ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန်၊ ပါတီ၏ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်ရန်။

ပါတီဝင်အင်အားစာရင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ Member Lists of Political Parties Scrutinizer System (MLPPS) Software စသည်တို့ဖြင့် စစ်ဆေးလျက်ရှိသောကြောင့် စည်းရုံးရရှိထားသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ တင်ပြသွားရန်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဈ)တွင် **“အခြားနိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင်မဟုတ်ခြင်း”** ဖြစ်သူကို ပါတီဝင်အဖြစ် စည်းရုံးရမည်ဟု ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၈)တွင် **“ပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားရှိခြင်း”** ရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိဟု ပြဋ္ဌာန်းထား၍ ပါတီများအနေဖြင့် ဥပဒေများနှင့်အညီ ပါတီဝင်အင်အားစာရင်းအား စိစစ်တင်ပြသွားရန်၊ ပါတီဝင်များကိုင်ဆောင်ထားသည့် သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် အချက်အလက် မှားယွင်းကွဲလွဲမှုများရှိက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်း ပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် ပြင်ဆင်တည်ဆောက်ထားကြရန်၊ ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် လာမည့် ရွေးကောက်ပွဲတွင် MEVM (Myanmar Electronic Voting Machine) စက်ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါတီတာဝန်ရှိသူများက ပါတီလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ရှစ်ပါတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရားဖူးလာပရိသတ်များဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ထေရဝါဒဗုဒ္ဓသာသနာ သမိုင်းတွင် သမိုင်းတင် မော်ကွန်းရေးထိုးနိုင်ခဲ့ပြီဖြစ်သော မာရဝိဇယဘွဲ့တော်အမည်ရ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်) နံနက်ပိုင်းတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဘိသိက်သွန်းလောင်း ပူဇော်ခဲ့ပြီး ကျောက်စာရုံစေတီများကို ရွှေထီးတော် တင်လှူခြင်းနှင့် တည်ဆောက်ပြီးစီးပြီဖြစ်သော ဗုဒ္ဓပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေစက်သွန်းချ အမျှဝေအောင်ပွဲမင်္ဂလာ ကုသိုလ်တော် အခမ်းအနားကို ကမ္ဘာသိကျင်းပခဲ့ပြီးဖြစ်သည်။



**စည်ကားလျက်ရှိ**

ယင်းနောက် ဩဂုတ် ၈ ရက်မှစတင်၍ မြန်မာနိုင်ငံတော်တစ်ဝန်း ရဟန်းရှင်လူပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ဝင်ကြေးအခမဲ့ ဝန်ဆောင်မှုများ ပေးလျက်ရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရားဖူးလာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို ယနေ့တိုင် တွေ့မြင်နေရဆဲပင်ဖြစ်သည်။

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်သူတော်စင် ဘုရားဖူးဧည့်သည်၊ ရဟန်းရှင်လူတို့ ဖူးမြော်ကြည်ညိုမဝ တင့်တယ်စံပယ်တော်မူသော ကမ္ဘာ့စကျင်ကျောက်ထွင်းထိုင်တော်မူဆင်းတုတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဘွဲ့တော်အမည်ရှိ ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် အမြင့် ၁၈ ပေနှင့် ဆင်းတုတော်မြတ်ကြီး အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော်ကြီး၏ အလေးချိန် ၃၅၁၀ တန် စုစုပေါင်း တန်ချိန် ၅၂၉၂ တန်ရှိ စကျင်ကျောက်ထွင်း ဆင်းတုတော်ကြီး ပေါ်ထွန်းပွင့်လန်းလာအောင် ထေရဝါဒဗုဒ္ဓဘာသာ သမိုင်းတွင်လည်းကောင်း၊ မြန်မာ့သမိုင်းတွင်လည်းကောင်း ဥဒါန်းတွင် မော်ကွန်းထိုးနိုင်အောင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဦးဆောင်ဘုရားဒါယကာနှင့် အလှူရှင်များ၊ ပြည်တွင်းမှ ပညာရှင်များနှင့် တပ်မတော်မှ ပညာရှင်များ၏ မဆုတ်မနစ်သော ဖွဲလုံ့လနှင့် သဒ္ဓါစေတနာအားများကိုလည်း တွေ့မြင်ခံစားရမည်ဖြစ်ပေသည်။

**တာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်း**

ကမ္ဘာ့တန်ချိန် အများဆုံးနှင့် ခရီးမိုင်အရှည်ဆုံး (ရေလမ်း/ကုန်းလမ်း) ရွှေ့ပြောင်းသယ်ယူမှု စံချိန်များ ချိုးဖျက်၍ အောင်မြင်ခဲ့ပြီးဖြစ်သော၊ ပြည်တွင်းပညာရှင်များ (ပြည်ပပညာရှင် လုံးဝမပါဝင်ပါ)၊ တပ်မတော်ပညာရှင်များနှင့် မြန်မာ့ရိုးရာ ပန်းဆယ်မျိုးအတတ်ပညာရှင်၊ ဗိသုကာပညာရှင်များက ကြီးစွာသော ဆန္ဒလုံ့လတို့ဖြင့် ပြသခဲ့ပြီဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကနုတ်၊ နရီ၊ ကပီ၊ ကဇာ အစရှိသော မြန်မာမှုအနုလက်ရာများ၊ ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့ "မှတ်လော့" ပွတ်၊ ချီ၊ ယွန်း သံပေါက်လက်ဘပါ မြန်မာ့ပန်းဆယ်မျိုး အတတ်ပညာများ၏ ပြယုဂ်ဖြစ်သော နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး ရေရှည်တည်တံ့စေရေး အတွက်လည်း ဘုရားမတင်၊ နတ်မဝင်၊ လူတွင်ပန်းဆယ်မျိုးဟု ခေါ်စမှတ်ပြုကြသကဲ့သို့ တိုင်းသားပြည်သူ ရဟန်းရှင်လူတို့က တစ်ပိုင်တစ်နိုင်ဖြစ်စေ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းကြရပေမည်။

ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ၊ သန့်ရှင်းရေး လုပ်ငန်းများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပရိသတ်များအတွက် သောက်ရေသန့်၊ သန့်စင်ခန်းနှင့် စက်လှေကား၊ ဘာဂီနှင့် ဗီးချဲများ၊ ကျန်းမာရေးနှင့် လုံခြုံရေးအစီအမံများ စသည်ဖြင့် ကျယ်ပြန့်များပြားလှပေရာ အဆိုပါလုပ်ငန်းများတွင် အများပြည်သူတို့ ကုသိုလ်တော်ပါဝင်နိုင်ရေး အစီအစဉ်ကို စက်တင်ဘာ ၄ ရက်နေ့တွင် စတင်ခဲ့သည်။

ကုသိုလ်တော် ပါဝင်နိုင်ရေးအစီအစဉ်အဖြစ် ဘုရားဖူးဧည့်သည်တော်များအတွက် ဝင်ကြေးအခမဲ့ဖြစ်ပြီး ကင်မရာပါသော လက်ကိုင်ဖုန်း တစ်လုံးအတွက် အလှူတော်ငွေ ကျပ် ၁၀၀၀၊ အပျော်ရိုက်ကင်မရာတစ်လုံးလျှင် ကျပ် ၅၀၀၀၊ အလှခာတ်ပုံရိုက်/Video(pre wedding)အပါအဝင် နှစ်နာရီအတွက် ကျပ် ၅၀၀၀၀ နှင့် နာရီဝက်ပိုတိုင်း ကျပ် ၅၀၀၀၊ ဥယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်းတွင်ရပ်နားပါက ယာဉ်ငယ်တစ်စီးလျှင် ကျပ် ၂၀၀၀ အလှူတော်ငွေကောက်ခံပြီး ယာဉ်ကြီးနှင့် မော်တော်ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင် ရပ်နားရန်ဖြစ်ပြီး အလှူတော်ငွေကောက်ခံခြင်းမရှိပါ။ ဘာဂီစီးနင်းခြင်းအတွက် သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေး မကောင်းသူများအတွက် အခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း မေတ္တာရပ်ခံချက်ကိုလည်း တွေ့ရှိခဲ့ရသည်။



ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် သာသနာ့ပရိဝုဏ်အတွင်းတွင် အဂါရဝဖြစ်စေသော ဘောင်းဘီတို၊ စကပ်တိုဝတ်ဆင်ခြင်း၊ သာသနိက အဆောက်အအုံ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသော ကွမ်းယာထုပ်များ၊ နှုတ်ခမ်းနီတောင့်၊ ချွန်ထက်သော အရာဝတ္ထုများ၊ ဘောပင်၊ ခဲတံ အစရှိသည့် ပစ္စည်းများကိုလည်း မိမိတို့ မော်တော်ယာဉ်ပေါ်တွင် ထားခဲ့ရန် ဆော်ဩသတိပေးနေသည်ကိုလည်း တွေ့ရသည်။ ဘုရားဖူး ပရိသတ်တို့ကလည်း ကင်မရာပါ လက်ကိုင်ဖုန်းများကို ပြသ၍ အလှူငွေထည့်ဝင်လျက် phone pass sticker များ ရယူနေကြသည်ကို တွေ့ရသည်။

အလှူခံဌာနတွင်လည်း အလှူရှင်တို့ ဝင်လာမစဲ ရှိနေသည်။ ဗုဒ္ဓအရိပ် အာဝါသအောက်တွင် တရားဘာဝနာပွားလျက်၊ ကူညီရိုင်းပင်းလျက်၊ လေ့လာဗဟုသုတရယူလျက် အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ဝမ်းမြောက်ကျေနပ် ပျော်ရွှင်လျက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စံပယ်ရာ ဗုဒ္ဓဥယျာဉ်တော်၏ ယနေ့မြင်ကွင်းကို တွေ့ခဲ့ရသည်။

သမိုင်းမော်ကွင်းတင်၍ ကမ္ဘာ့အလယ်တွင် ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပမှု ပုံရိပ်ကို အလင်းပြခဲ့ပြီဖြစ်သော မာရဝိဇယဘွဲ့တော်ရ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓ၏ ပိဋကတ်တော်များ ကျောက်ထက် အက္ခရာတင်ရေးထိုးခဲ့သောကျောက်စာရုံစေတီတော်များ၊ ဗုဒ္ဓပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ သည်ရာစု၊ ထောင်စုနှစ်များသို့တိုင် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ မီးရှူးတန်ဆောင်ဖြစ်ကြောင်းနှင့် ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ဗုဒ္ဓဘာသာဝင်များက ဝိုင်းဝန်းကူညီပေးမှုများကို တင်ပြလိုက်ရပေသည်။

**အလင်းသစ်၊ သန်းတင်အောင်၊ နေမျိုး**

---



## မိတ္ထီလာမြို့ ပေါက်ချောင်းဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

**မိတ္ထီလာ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မိတ္ထီလာမြို့ ပေါက်ချောင်းဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့်အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ယင်းပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချစေရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကမ္ဘာပေါ်မှာအကြီးဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့အညီ ထုဆစ်ပူဇော် ကိုးကွယ်တည်ဆောက်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့အတူ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံတွေကို တွေ့လိုက်ရတော့ တအံ့တသြဖြစ်ရသလို ဝမ်းသာလွန်းအားကြီးလို့လည်း မျက်ရည်တောင်လည်ရပါတယ်

**ဒေါ်ကြည်ကြည်ဝင်း (ဗန်းမော်မြို့)**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစ၍ အခမဲ့ဖူးမြော်ခွင့်ပြုခဲ့ရာ စက်တင်ဘာ ၅ ရက်အထိ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။


ဦးဝင်းတင်


ဒေါ်ဆွေသန္တာသွင်


ဦးသက်နိုင်


ဒေါ်ကြည်ကြည်ဝင်း


ဒေါ်နန်းညိုမီခိုင်


ဒေါ်နိုင်နိုင်လွင်

ထိုသို့ ဘုရားဖူးရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ၎င်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာ ခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသောစကားသံများကို နိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်၍ ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။

**ဦးဝင်းတင် (ဖြူးမြို့နယ်)**

ကျွန်တော်ကတော့ ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာအုပ်စု ရေဦးကျေးရွာကပါ။ မိသားစုလိုက် လာရောက်ဖူးမြော်တာပါ။ မနက် ၆ နာရီလောက်က ထွက်လာတာပါ။ ရုပ်မြင်သံကြားမှာလည်း ဖူးမြော်ရတယ်။ အွန်လိုင်းပေါ်မှာလည်း နာမည်ကြီးနေတာကို တွေ့မြင်နေရတယ်။ ပြီးတော့ ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးတွေထဲမှာဆိုရင် ကမ္ဘာပေါ်မှာအကြီးဆုံးဆိုတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ရောက်အောင်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်တာပါ။ ဘုရားကြီး ဖူးမြော်တဲ့အခါမှာ နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သခဲ့ပါတယ်။ အခုလို ခမ်းနားဝင့်ထည် သပ္ပာယ်လှတဲ့ ဘုရားကြီးတစ်ဆူတည်ထားကိုးကွယ်ဖို့အတွက် စက်အား၊ လူအား၊ ဝန်အား အစစအရာရာ နေရာစုံ ထောင့်စုံအောင် ဆောင်ရွက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အဲဒီအတွက်လည်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဘုရားကြီးကလည်း တိမ်တိုက်ထဲမှာ ကိန်းဝပ်စံပယ်နေသည့်အလား ကြည်ညိုစရာကောင်းပါတယ်။ ဂန္ဓကုဋီတိုက်တို့၊ နဂါးရုံတို့၊ ကျောက်စာရုံစေတီတို့မှာလည်း လေ့လာစရာမှတ်သားစရာတွေ အများကြီး ကြည့်ရှုခွင့်ရခဲ့ပါတယ်။ ကျောက်စာရုံစေတီတွေမှာရှိတဲ့ ကျောက်စာတွေကိုတော့ နောက်မှပဲ လာရောက်လေ့လာဦးမယ်။ အခုတော့ လှူဒါန်းထားသူတွေရဲ့ စာလေးတွေလိုက်ဖတ်ပြီး ကုသိုလ်ယူ မေတ္တာပို့သပြီး သာဓုအနုမောဒနာ ခေါ်ခဲ့ပါတယ်။ ပြီးတော့ အချို့ပစ္စည်းကိရိယာတွေကို ဝင်ကြေးကောက်ခံတဲ့နေရာမှာ အလှူပေးတယ်လို့ပဲ သဘောထားစေချင်ပါတယ်။ သန်းနဲ့ သိန်းနဲ့ သောင်းနဲ့ ချိန်ပြီးလှူမှ အလှူမဟုတ်ပါဘူး။ ညောင်ပင်လောက် လှူသော်လည်း ညောင်စေ့လောက်ရချင်မှရမှာ၊ ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်လောက် ရချင်ရတာဆိုတော့ ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာဆိုတဲ့ စေတနာ သုံးတန်ဦးထိပ်ပန် လှူဒါန်းမယ်ဆိုရင် ကုသိုလ်ထူး၊ ကုသိုလ်မြတ်ရကြမှာ ဖြစ်ပါတယ်။

**ဒေါ်ဆွေသန္တာသွင် (ဇမ္ဗူသီရိမြို့နယ် အထက-၁၁)**

ကျွန်မကတော့ ဇမ္ဗူသီရိမြို့နယ် အထက (၁၁) က ဆရာမဖြစ်ပါတယ်။ အခုလို လာရောက်ဖူးမြော်ရတဲ့အတွက် ကျောင်းသား ကျောင်းသူတွေကို ကုသိုလ်လည်းရစေချင်သလို ဗဟုသုတလည်း ရစေချင်ပါတယ်။ ရကြမယ်လို့လည်းထင်ပါတယ်။ ကျွန်မကတော့ ဖွင့်ပွဲမတိုင်ခင်က တစ်ခေါက်တော့ရောက်ဖြစ်တယ်။ ဖွင့်ပွဲပြီးမှဆိုရင်တော့ အခုတစ်ခေါက်က ပထမဆုံးလာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ အခုလာရောက် ဖူးမြော်တာကတော့ ကျောင်းသား ကျောင်းသူ ၉၀ ကျော်ပါတယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ လာရောက်ဖူးမြော်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာရပါတယ်။ ဘုရားကြီးကို အခုလို ဖူးမြော်ရတဲ့အတွက် ရင်ထဲမှာပျော်ရွှင်မိသလို အင်မတန်မှလည်း ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘုရားကြီးက သပ္ပာယ်ပြီး ကြည်ညိုစရာလည်း ကောင်းပါတယ်။ ကျောက်စာရုံစေတီတွေမှာရှိတဲ့ ကျောက်စာတွေကို ရိုမန်နဲ့ ပါဠိနှစ်ဘာသာနဲ့ ထွင်းထုထားတာတွေ့ရတယ်။ ပါဠိဘာသာနဲ့ ရေးထွင်းထားတာကိုတော့ ကိုယ်သိသလောက်၊ တတ်သလောက် လေ့လာဖတ်ရှုဖြစ်ပါတယ်။ အခုလို ပိဋကတ်တော်တွေကို ကျောက်စာချပ်တွေနဲ့ ထွင်းထုထားရှိခြင်းဟာလည်း အခုပစ္စုပ္ပန်ရော နောင်အနာဂတ်အတွက်ပါ ကောင်းမွန်တဲ့အရာတစ်ခုလို့ပဲ မြင်ပါတယ်။ အဝင်မုခ်ဦးမှာဆိုရင် အခကြေးငွေနဲ့ ပေးဆောင်ရတဲ့ အချို့အရာတွေရှိတယ်။ အဲဒါနဲ့ပတ်သက်လို့ဆိုရင် ဘုရားကြီးရဲ့ ပရိဝုဏ်အတွင်းရှိ နေရာစုံ၊ ထောင့်စုံမှာ ဝေယျာဝစ္စလုပ်ဆောင်ပေးကြတဲ့ ဝန်ထမ်းတွေရှိတယ်။ ပြီးတော့ သာသနိကအဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်လှူဒါန်းခွင့်ရတယ်လို့ပဲမြင်ပါတယ်။ ဒီအတွက် ကုသိုလ်လည်း အများကြီးရကြမယ်လို့ ထင်ပါတယ်။ လူဝင်ကြေး အခမဲ့ဖြစ်တာကိုပဲ ကျေနပ်မိပါတယ်။

**ဦးသက်နိုင် (မင်္ဂလာဒုံမြို့နယ်)**

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ကပါ။ သူငယ်ချင်းတွေနဲ့ စုပြီး လာရောက်ဖူးမြော်တာပါ။ ဘုရားကြီးကို ဖူးမြော်ချင်တဲ့စိတ်ကတော့ ဘုရားကြီးစတည်ကတည်းကပါ။ အခုမှပဲ လာရောက်ဖူးမြော်ဖြစ်တော့တယ်။ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတဲ့အခါ ဘုရားကြီးရဲ့ ကြီးကျယ်ခမ်းနားမှုက တကယ့်ကိုအံ့မခန်းပါပဲ။ ပြီးတော့ စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်မှာပါ အကြီးဆုံးဆိုတော့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဝမ်းလည်း ဝမ်းသာတယ်၊ ဂုဏ်လည်းယူမိပါတယ်။ လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေချောမွေ့ပါတယ်။ ကားကိုတော့ ဘုရားကြီး ပရိဝုဏ်ရဲ့ အပြင်မှာပဲထားခဲ့ပါတယ်။ အထဲကိုဝင်ရင်တော့ ဝင်ကြေးကောက်ခံတာရှိတယ်။ အဲဒီတော့ အပြင်မှာထားပြီး လမ်းပဲလျှောက်လာလိုက်တယ်။ နီးနီးလေးပါပဲ။ အခြားနေရာတွေကိုတော့ မလေ့လာ၊ မဖူးမြော်ရသေးဘူး။ ညနေပိုင်းမှ တစ်ခေါက်လာရောက်ဖူးမြော်ဦးမှာပါ။ အဲဒီအခါကျမှ အားလုံးလေ့လာတော့မယ်။

**ဒေါ်ကြည်ကြည်ဝင်း (ဗန်းမော်မြို့)**

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့ကပါ။ ကမ္ဘာပေါ်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ အကြီးဆုံးဖြစ်တဲ့ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကိုယ်တိုင်လက်တွေ့ ဖူးမြော်ချင်တယ်။ ဒီလောက်ဆန်းကြယ်ခမ်းနားလှတဲ့ ဘုရားကြီးကို သိလည်းသိ မြင်လည်းမြင်တွေ့ချင်၊ ဖူးလည်းဖူးမြော်ချင်တဲ့အတွက် အရောက်လာခဲ့ရခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ပြီးတဲ့အခါမှာလည်း ဝမ်းလည်းသာတယ်၊ ကျေလည်းကျေနပ်တယ်၊ ဝမ်းသာပီတိကတော့ ပြောမပြတတ်အောင်ပါပဲ။ အမှန်အတိုင်း ပြောရရင် ကိုယ့်နိုင်ငံက အသိပညာရှင်၊ အတတ်ပညာရှင်တွေ စုပေါင်းကာ ကိုယ့်နိုင်ငံမှာရှိတဲ့ စကျင်ကျောက်ကြီးကို ခဲရာခဲဆစ် တူးဖော်၊ သယ်ယူပြီး ကမ္ဘာပေါ်မှာအကြီးဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့အညီ ထုဆစ်ပူဇော် ကိုးကွယ်တည်ဆောက်ထားတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့အတူ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံတွေကို တွေ့လိုက်ရတော့ တအံ့တသြဖြစ်ရသလို ဝမ်းသာလွန်းအားကြီးလို့လည်း မျက်ရည်တောင် လည်ရပါတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။

**ဒေါ်နန်းညိုမီခိုင် (ဖာပွန်မြို့)**

ကျွန်မကတော့ ကရင်ပြည်နယ် ဖာပွန်မြို့ကနေ လာရောက်ဖူးမြော်တာပါ။ ဒါကတော့ ဒုတိယအကြိမ် လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ဘုရားကြီးက သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းပါတယ်။ ကမ္ဘာပေါ်မှာအကြီးဆုံးဖြစ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကိုယ့်နိုင်ငံထဲမှာရှိနေတာကိုက ကျွန်မတို့အနေနဲ့ ဂုဏ်ယူမဆုံး၊ ပျော်လို့မဆုံး၊ ဝမ်းသာလို့မဆုံးဖြစ်ရပါတယ်။ ကိုယ့်နိုင်ငံက ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်တဲ့နိုင်ငံဆိုတော့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ဘုရားကြီး ကိုယ့်နိုင်ငံမှာရှိနေတဲ့အတွက် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပနေမှုကို မြန်မာနိုင်ငံမှာသာမက ကမ္ဘာကပါ အသိအမှတ်ပြုရပြီလည်း ဖြစ်တယ်။ ဘုရားကြီးရဲ့ ပရိဝုဏ်အတွင်းမှာရှိတဲ့ ဗိသုကာလက်ရာတွေကလည်း တကယ့်ကိုအံ့မခန်းပါပဲ။ ဒီမှာတော့ ပန်းဆယ်မျိုးလက်ရာ တွေကို နေရာတိုင်းလိုလို တွေ့မြင်၊ လေ့လာခွင့်ရပါတယ်။ ဘုရားကြီးကို ဖြစ်မြောက်အောင် ကိုးကွယ်တည်ဆောက်ပေးကြတဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်အားလုံးနဲ့ အဘက်ဘက်မှ ဝိုင်းဝန်းကူညီလှူဒါန်းပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်နိုင်နိုင်လွင် (ရန်ကုန်မြို့)**

ကျွန်မက ရန်ကုန်မြို့ကပါ။ ကျွန်မတို့ မိသားစု မြန်မာနိုင်ငံမှာရှိတဲ့ အထင်ကရဘုရားတွေကို လှည့်လည်ဖူးမြော်နေတာပါ။ အခုလည်း ပုဂံကဘုရားတွေဖူးပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ဒီဘုရားကြီးမှာ ထူးခြားတာကတော့ အဆောက်အအုံတွေကို စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ၊ အခင်းတွေကိုလည်း စကျင်ကျောက်တွေနဲ့ ခင်းထားတဲ့အတွက် သွားလေရာ၊ လာလေရာမှာ အေးချမ်းနေတယ်လို့ ခံစားရပါတယ်။ အခုလိုမျိုး ထူးထူးခြားခြား ရုပ်ပွားတော်ကြီး၊ ဆင်းတုတော်ကြီးတွေကို မဖူးဖူးပါဘူး။ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဘုရားကြီးဖူးမြော်ရတာ ပီတိလည်းဖြစ်ရတယ်၊ ဝမ်းလည်းသာရတယ်၊ ကြည်ညိုစရာလည်း ကောင်းပါတယ်။ ကျွန်မအနေနဲ့ ဘုရားကြီးကို ဖူးမြော်ခွင့်ရတာကိုပဲ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်လို့ ထပ်လောင်းပြောပါရစေ။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်**
**ဓာတ်ပုံ - နေမျိုး**

## တောင်ကုတ်မြို့၌ ခရိုင်အဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**တောင်ကုတ် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် ခရိုင်အဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ တောင်ကုတ် တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသန်းထွန်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင် ဦးစီးမှူး ဦးရည်သန့်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူးကြီး ကျော်ဇင်သန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမောင်ပု၊ တောင်ကုတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်တိုး နှင့် မာန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကုတ်တက္ကသိုလ် သမိုင်းဘာသာရပ် အထူးပြု ကျောင်းသူများက ရတနာပုံ သီချင်း၊ မြန်မာစာအထူးပြုကျောင်းသူများက ရခိုင်တို့မြေ လာခဲ့လေ သီချင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူများက မင်္ဂလာပါသီချင်းတို့ဖြင့် ဖျော်ဖြေကြပြီး အဆို၊ အက ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# ကိုက်ညီသည့်အုပ်ချုပ်ပုံစနစ်နှင့်အတူ လူ၏စေတနာကသာ ပို၍အရေးကြီးပါသည်

မြင့်မြတ်

**စနစ်ဆိုတာ လူတွေက လုပ်တာ၊ ဖန်တီးတာ၊ လူတွေကြောင့် စနစ်ဖြစ်လာတာ၊ လူတွေပိုကောင်းဖို့ စနစ်သစ်တွေ ပြဋ္ဌာန်းရတာ၊ ဒါပေမဲ့ လူတွေပြုလုပ်ဖန်တီးထားတဲ့စနစ်က လူတွေကို ပိုကောင်းအောင်၊ ပိုတိုးတက်အောင် ပြန်မလုပ်ပေးနိုင်တဲ့အခါ လူနဲ့စနစ်က သဟဇာတမဖြစ်တော့ဘဲ ဒီလူတွေကပဲ ဒီစနစ်ကို တိုက်ထုတ်လိုက်ကြပြန်ရော . . . ဖြစ်ပုံက။**

**အာဏာသိမ်းတပ်မတော်ကို မကန့်ကွက်ထောက်ခံခဲ့ကြတဲ့ပြည်သူတွေ**

တပ်မတော်က အာဏာသိမ်းလို့ အာဏာသိမ်းတာကို ကန့်ကွက်ရမယ့်အစား လူတွေလမ်းပေါ်ထွက်၊ အောင်ပွဲခံ၊ အာဏာသိမ်းတာကို ထောက်ခံ၊ အာဏာသိမ်းစစ်သားတွေကို လူထုကပွေ့ဖက်ကြတဲ့ မြင်ကွင်းတွေ ခုတလော မကြာမကြာ တွေ့လာနေရတယ်။ လွန်ခဲ့တဲ့လက နိုင်ဂျာမှာ စစ်ဘက်က အာဏာသိမ်းပြီးတော့ နောက်တစ်နိုင်ငံမှာ အလားတူဖြစ်စဉ်တစ်ခုက ဂါဘွန်နိုင်ငံမှာပါ။

**ဂါဘွန်မှာ ယခုဖြစ်တဲ့ပြဿနာရဲ့အရင်းခံက ဘာလဲ။ တပ်မတော်က အာဏာသိမ်းအပြီးမှာ ပြည်သူတွေ ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်နဲ့ လမ်းတွေပေါ် ထွက်လာကြသလဲ။ ရွေးကောက်ပွဲတိုင်းမှာ မဲမသမာမှုတွေ ရှိခဲ့ဖူးတယ်၊ မဲရလဒ်ထွက်တိုင်းလည်း အတိုက်အခံဘက်က ဆန္ဒပြမှုတွေ ဖြစ်ခဲ့တယ်၊ သို့ပေမဲ့ အခက်အခဲတိုင်းကို ကျော်ဖြတ်နိုင်ခဲ့ကြတယ်၊ ပြဿနာတိုင်းကို ဖြေရှင်းနိုင်ခဲ့ကြဖူးတယ်ဆိုပေမယ့် ဂါဘွန်ပြဿနာက ရေရှည်နိုင်ငံရေး ပဋိပက္ခတစ်ခုသာဖြစ်ပါတယ်။ အာဏာကိုမိသားစုတစ်ခုတည်းက စွဲကိုင်ထားတဲ့ပြဿနာ၊ ဘွန်ဂါမိသားစုတစ်စုတည်းက နိုင်ငံကို ၅၅ နှစ်ကြာအောင် စိုးပိုင်အုပ်ချုပ်ခဲ့ကြတဲ့ပြဿနာက အရင်းခံပါ**

ထိုနိုင်ငံရွေးကောက်ပွဲမှာ ပြန်အနိုင်ရခဲ့တဲ့ သမ္မတအလီဘွန်ဂါအွန်ဒင်ဘာကို "မဲမသမာမှုကျူးလွန်တယ်၊ ရွေးကောက်ပွဲဟာ မူမမှန်မှုတွေနဲ့ လွတ်လပ်ပြီး တရားမျှတမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိ..." စတဲ့အချက်ကို အတိုက်အခံတွေက စွပ်စွဲရာကနေ တပ်က အာဏာသိမ်းလိုက်ခြင်းပဲဖြစ်ပါတယ်။ အတိုက်အခံတွေနဲ့တစ်သားတည်း တပ်မတော်က ရပ်တည်ခဲ့ခြင်းပါပဲ။ လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်ရမယ့်အစား နိုင်ငံခြားသတင်းဌာနတွေကို ပိတ်ပင်ခြင်း၊ အင်တာနက်လိုင်းတွေ ဖြတ်တောက်ခြင်း၊ နိုင်ငံတကာ လေ့လာသူတွေ လေ့လာခွင့်မရခြင်း စတဲ့ အားနည်းချက်တွေကို အာဏာသိမ်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဘရိုက်စ်ကလိုတေးအိုလီဂွီန်ဂျူမာက ထောက်ပြခဲ့ပြီး သူ့ရဲ့ ဖော်ပြချက်ဟာ အတိုက်အခံတွေရဲ့ ရပ်တည်ချက်အတိုင်းကို ထင်ဟပ်စေခဲ့ပါတယ်။ အာဏာသိမ်းခြင်းလက္ခဏာတွေနဲ့ပြည့်စုံစွာ ရွေးကောက်ပွဲရလဒ်တွေ ဖျက်သိမ်း၊ ပါလီမန်နဲ့ နိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းအားလုံးဖျက်သိမ်း၊ နယ်စပ်တွေပိတ် စတာတွေ ပြုလုပ်ခဲ့ပါတယ်။

**အတိတ်ကအစဉ်အလာပဋိပက္ခတွေနဲ့ ဝေးစွာသော အကြောင်းတရားများ**

မြန်မာနိုင်ငံဧရိယာရဲ့ ထက်ဝက်နီးပါးလောက်ရှိပြီး ခရစ်ယာန် ၇၅ ရာခိုင်နှုန်းခန့်ရှိတဲ့ ဂါဘွန်ဟာ အာဖရိကတိုက်အလယ် အနောက်ပိုင်းက ဆင်းရဲတဲ့ ပြည်သူအများစုနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ လူဦးရေက ၂ ဒသမ ၃ သန်းသာရှိပြီး မြို့တော်က လစ်ဗရီဗယ်လီ ပါ။ ဘုရင့်နိုင်ငံတော်ဖြစ်ခဲ့ဖူးပြီး ၁၉၆၀ ပြည့်နှစ်မှာ ပြင်သစ်ကိုလိုနီလက်အောက်ခံဘဝကနေ လွတ်မြောက်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်လွှန်နှစ်တွေမှာ မအောင်မြင်တဲ့ အာဏာသိမ်းမှုနှစ်ကြိမ်ဖြစ်ခဲ့အပြီး နိုင်ငံရေး၊ စီးပွားရေး ဖြေလျှော့မှုတွေလုပ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။

**အာဖရိကတိုက်က ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံမှာ စာတတ်မြောက်မှုမြင့်မားပြီး တစ်ဦးချင်း GDP မြင့်တယ်ဆိုကြပေမယ့် ပြည်သူအများစုကတော့ နိုင်ငံချမ်းသာမှုနဲ့နှိုင်းယှဉ်ရင် ဆင်းရဲကြပါတယ်။** ရွေးကောက်ပွဲနဲ့ မဲလိမ်မဲခိုးပြဿနာ၊ ရွေးကောက်ပွဲတိုင်းမှာ သပိတ်မှောက်မှု၊ ရွေးကောက်ပွဲအပြီး ဖြစ်ရိုးဖြစ်စဉ် ရုန်းရင်းဆန်ခတ်မှုတွေ၊ အတိုက်အခံပါတီတွေကိုထောက်ခံတဲ့ လမ်းပေါ်ထွက်၊ မီးရှို့ဆန္ဒပြ၊ အဓိကရုဏ်းတွေဆိုတာ ဂါဘွန်နိုင်ငံရေးမှာ အထူးအဆန်း မဟုတ်ခဲ့ပါဘူး။ ဒါကြောင့်လည်း ၂၀၁၉ ခုနှစ်မှာ တပ်က အာဏာသိမ်းဖို့ ကြိုးစားခဲ့ရာမှာ မအောင်မြင်ခဲ့ဘဲ ထိုစဉ်က သမ္မတက ယခုအချိန်မှာ သမ္မတထပ်ဖြစ်ဖို့ ကြိုးစားနေဆဲ သမ္မတအလီဘွန်ဂါတစ်ဦးတည်းပါပဲ။ အဲဒီအချိန် အဲဒီကာလက သမ္မတဘက်က စစ်ဘက်အာဏာသိမ်းမှုကို ဖြိုခွင်းနိုင်ခဲ့ပေမယ့် ယခုသူ့ရဲ့ တတိယမြောက် သမ္မတသက်တမ်းအတွက်ကြိုးစားရာမှာတော့ အတိတ်ကရခဲ့တဲ့ အခွင့်အရေးမျိုးကို ဂါဘွန်တပ်မတော်ကရော ပြည်သူတွေဘက်ကပါ လက်ရှိအခြေအနေတွေအရ ပေးနိုင်မယ့်အခြေအနေမှာ မရှိတော့ပါဘူး။

**ရာစုနှစ်ဝက်ဒီမိုကရေစီအာဏာရှင်စနစ်ကသာ အရင်းခံ**

ဂါဘွန်မှာ ယခုဖြစ်တဲ့ပြဿနာရဲ့အရင်းခံက ဘာလဲ။ တပ်မတော်က အာဏာသိမ်းအပြီးမှာ ပြည်သူတွေ ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်နဲ့ လမ်းတွေပေါ် ထွက်လာကြသလဲ။ ရွေးကောက်ပွဲတိုင်းမှာ မဲမသမာမှုတွေ ရှိခဲ့ဖူးတယ်၊ မဲရလဒ်ထွက်တိုင်းလည်း အတိုက်အခံဘက်က ဆန္ဒပြမှုတွေဖြစ်ခဲ့တယ်၊ သို့ပေမဲ့ အခက်အခဲတိုင်းကို ကျော်ဖြတ်နိုင်ခဲ့ကြတယ်၊ ပြဿနာတိုင်းကို ဖြေရှင်းနိုင်ခဲ့ကြဖူးတယ်ဆိုပေမယ့် ဂါဘွန်ပြဿနာက ရေရှည်နိုင်ငံရေး ပဋိပက္ခတစ်ခုသာ ဖြစ်ပါတယ်။ အာဏာကိုမိသားစုတစ်ခုတည်းက စွဲကိုင်ထားတဲ့ပြဿနာ၊ ဘွန်ဂါမိသားစုတစ်စုတည်းက နိုင်ငံကို ၅၅ နှစ်ကြာအောင် စိုးပိုင်အုပ်ချုပ်ခဲ့ကြတဲ့ပြဿနာက အရင်းခံပါ။

ဖခင်ဘွန်ဂိုအွန်ဒင်ဘာက ၁၉၆၇ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ သက်တမ်းခုနစ်ကြိမ်၊ သူ့သား အလီဘွန်ဂါကတော့ ၂၀၀၉ ခုနှစ်ကနေ ယခုအာဏာသိမ်းခံရသည်အထိ သက်တမ်းနှစ်ကြိမ်၊ ရာစုနှစ်ဝက်ခန့်အထိ ဆွေမျိုးကောင်းစားရေးဝါဒနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြတဲ့သဘောပါ။ ဖခင်လက်ထက်ရော သူ့သားလက်ထက်မှာပါ နိုင်ငံရေးပြဿနာတွေ ရှိခဲ့ကြပေမယ့် အာဏာကို တစ်ဦးတည်း၊ တစ်မိသားစုတည်းက ချုပ်ကိုင်ထားခြင်းဟာ ပြဿနာရဲ့ အခြေခံအကြောင်းတရားတွေထဲက တစ်ခုဖြစ်နေပါတယ်။

နိုင်ငံက ပြင်သစ်ရဲ့ဩဇာခံဘဝနဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ရွေးကောက်ပွဲနဲ့သွားတဲ့ ဒီမိုကရေစီဆိုပေမယ့် တစ်ဦးတည်း၊ တစ်ပါတီတည်းရဲ့ ချုပ်ကိုင်မှုအောက်မှာ အာဏာရှင် ဒီမိုကရေစီဖြစ်ခဲ့ခြင်း၊ ရပြီးသားအာဏာကို လက်လွှတ်လိုက်ရမှာကြောက်တော့ အာဏာကို လက်တစ်လုံးခြား အလွဲသုံးစားလုပ်၊ ရွေးကောက်ပွဲမှာ မိမိအနိုင်ရစေမယ့် အားသာချက်တွေဖန်တီး၊ မသမာတဲ့မဲအရေအတွက်တွေကြောင့်သာ ယခုလို တပ်က အာဏာသိမ်းခံရတဲ့အထိ ဖြစ်ခဲ့ရခြင်းလို့ ဆိုနိုင်ပါတယ်။

**ပြည်ပစွက်ဖက်မှုတွေနဲ့အတူ မညီမျှမှုများခြင်းသည်လည်း အကြောင်းတရားတစ်ခု**

အာဏာရပါတီဟာ အတိုက်အခံပါတီတွေနဲ့ ညှိနှိုင်းပေါင်းစပ်နိုင်စွမ်းမရှိခဲ့သလို တပ်မတော်နဲ့လည်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ဟန်တူပါတယ်။ ယခင်ကာလတွေကတည်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့ကြပါဘူး။ တပ်ဘက်က အာဏာသိမ်းဖို့ ကြိုးစားမှု မကြာခဏဖြစ်ခဲ့ရပြီး အာဏာသိမ်းမှုအကြိမ်တိုင်းမှာ မအောင်မြင်ဖြစ်ခဲ့ရခြင်းက ပြင်သစ်ရဲ့ဝင်ရောက်စွက်ဖက်မှုကြောင့်နဲ့ သမ္မတဘက်က ထောက်ခံကူညီမှုတွေကြောင့်ပါပဲ။

အုပ်ချုပ်သူအလွှာ၊ အတိုက်အခံနဲ့ တပ်မတော်ကြားမှာ ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းက နိုင်ငံစည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့ နမူနာတစ်ခုဖြစ်ရသလို ယခုလို အာဏာသိမ်းတပ်မတော်ကို ထောက်ခံနေတဲ့ အောင်ပွဲခံ မြင်ကွင်းတွေရဲ့ အကြောင်းတရားများစွာရှိတာကို မြင်အောင်ကြည့်ဖို့လိုပါမယ်။ ဆိုခဲ့သလို ဒီမိုကရေစီ အာဏာရှင်ပုံစံနဲ့အုပ်ချုပ်ခဲ့သူ ဘွန်ဂါမျိုးဆက်ကို နာကြည်းနေတဲ့ ဂါဘွန်ပြည်သူတွေကိုယ်တိုင်က မကြိုက်တော့ဘူးဆိုတာ ထင်ရှားပါတယ်။ ဘယ်ပြဿနာတိုင်းမှာမဆို အကြောင်းတရားတစ်ခုတည်းက ဖြစ်တည်လာတာမဟုတ်ပါဘူး။ အရင်းခံအကြောင်းတရား Root cause ကို ရှာနိုင်ရမှာဖြစ်သလို ပြဿနာဖြစ်ရခြင်းမှာ လွှမ်းမိုးနေတဲ့ အခြားသော အကြောင်းအချက်များစွာ (multifactorals) တွေနဲ့ လတ်တလောအကြောင်းတရား (Immediate cause) တစ်ခုမဟုတ်တစ်ခုလည်း ရှိနေတတ်ပါတယ်။

**ဂါဘွန်နိုင်ငံရေးပြဿနာက တစ်ခုတည်းမကပါဘူး။ ဘွန်ဂါမျိုးဆက်ဟာ အာဏာရှင်ဒီမိုကရေစီအချိုး ချိုးခဲ့တဲ့အပြင် ကင်ဆာသဖွယ်အမြစ်တွယ်နေတဲ့ အဂတိနဲ့ အကျင့်ပျက်ခြစား၊ အာဏာအလွဲသုံးစားမှုများစွာကို ကျူးလွန်ခဲ့ကြပါတယ်။ ရေနံသယံဇာတကြွယ်ဝတဲ့ ဂါဘွန်မှာ သမ္မတဘွန်ဂါမိသားစုက ကျိကျိတက် ချမ်းသာကြွယ်ဝနေကြပေမယ့် မညီမျှမှုတွေအကြား ၁၄ နှစ်ကြာ ဆင်းရဲတွင်းနက်နေတဲ့ ပြည်သူတွေရဲ့ အနေအထားဟာဖြင့် မဖြစ်သင့်တဲ့ အနေအထားတစ်ခုပါ။ တိုင်းပြည်ရဲ့ သယံဇာတတွေကို ကိုယ့်ပြည်သူတွေအတွက် သုံးတာထက် ပြင်သစ်လို နိုင်ငံတွေနဲ့ပေါင်းပြီး မောင်ပိုင်စီးနေကြဟန်တူပါတယ်။ တိုင်းပြည်မှာ ပြည်သူက ဆင်းရဲနေတဲ့ကြားထဲ နိုင်ငံရေးသမားတွေကလည်း မညီညွတ်၊ အုပ်ချုပ်သူ လူတန်းစားကလည်း စွမ်းဆောင်ရည် မရှိဆိုတော့ . . . ဒီနိုင်ငံဟာ ဖရိုဖရဲ အနေအထားတစ်ခုဆီ ဦးတည်နေတယ်ဆိုတဲ့ ဂါဘွန်တပ်မတော်ရဲ့ စိုးရိမ်သောကကိုသာ ကျွန်တော်တို့အနေနဲ့ အတိုင်းအတာတစ်ခုအထိ နားလည်ပေးလိုက်ရအောင်ပါ။**

**ခိုင်မာညီညွတ်သော Institution တစ်ခုသာလျှင် အားကိုးရာအမှန်**

ဂါဘွန်မှာ စစ်ဘက်က ယခုလို တည်တည်ငြိမ်ငြိမ်နဲ့ အာဏာသိမ်းမှုအပေါ် ဂါဘွန်ပြည်သူတွေက တစ်ခဲနက် ထောက်ခံကြပေမယ့် မထောက်ခံကြတဲ့ ပြည်ပအင်အားစုတွေလည်း ရှိစမြဲပါပဲ။ ထုံးစံအတိုင်း ဂါဘွန်အုပ်ချုပ်သူ အဆက်ဆက်နဲ့ အနီးကပ်ဆုံး ဆက်ဆံရေးရှိတဲ့ ပြင်သစ်အပါအဝင် အမေရိကန်နဲ့ အနောက်အုပ်စုဝင်တွေ၊ အာဖရိကယူနီယံ စတဲ့ အဖွဲ့အစည်းတွေက အာဏာသိမ်းစစ်ဘက်ကို အသိအမှတ်မပြုကြပါဘူး။ အလွန်အမင်းစိုးရိမ်ကြောင်း စာမျက်နှာ ၁၃ သို့ ○

**ဒီမိုကရေစီဆိုပေမယ့် နိုင်ငံရေးသမားတွေညံ့ရင် စနစ်လည်းပျက်၊ တိုင်းပြည်လည်း ပျက်တာပါပဲ။ အချိန်တန်ရင် တပ်မတော်ဆိုတဲ့ ခိုင်မာညီညွတ်တဲ့ Institution တစ်ခုသာလျှင် အားကိုးရာဖြစ်ပြီး တိုင်းပြည်ကို ဝင်ထိန်းပေးရတာဖြစ်ပါတယ်။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ရင် တပ်မတော်ကဝင်ပါရတဲ့ အစဉ်အလာတစ်ခုဟာ အာဖရိကမှာစတင်နေပြီး ကမ္ဘာ့နေရာအချို့ဆီသို့တိုင် အစပျိုးနေပြီလား၊ နမူနာယူသင်ခန်းစာယူစရာတွေ ထင်ထင်ရှားရှား တွေ့နေပါလျက်နဲ့ ရယူနိုင်စွမ်းမရှိကြရင်တော့ ကမ္ဘာကြီးရဲ့ကံကြမ္မာ အထူးသဖြင့် ဒီမိုကရေစီအယောင်ပြ အာဏာရှင်တွေအတွက်တော့ ယခုလိုမကောင်းတဲ့ ဇာတ်သိမ်းခန်းတွေ ထပ်မံမြင်တွေ့ရနိုင်ပါတယ်**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ် စတင်ပျံသန်းခြင်းအခမ်းအနား ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၅**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ် စတင်ပျံသန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာသံရုံးမှ သံရုံး ယာယီတာဝန်ခံ Mr. Pavel Klapukov၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာထမ်းများ/အမှုထမ်းများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Yangon Aerodrome Company Limited မှ CEO နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့သည် နှစ်နိုင်ငံအကြား အပြန်အလှန် လေကြောင်းကွန်ရက်ချိတ်ဆက်မှုကို ဆောက်ရွက်နိုင်ရန်အတွက် လေကြောင်းပို့ဆောင်ရေး သဘောတူညီချက်တစ်ရပ်ကို ၁၉၇၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့ကြပြီး လေကြောင်းပို့ဆောင်ရေး သဘောတူညီချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Aeroflot လေကြောင်းလိုင်းက ရန်ကုန်-မော်စကို အသွားအပြန် တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ၁၉၇၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပျံသန်းခဲ့ပါကြောင်း၊ ယခုအခါ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းက ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် တိုက်ရိုက်ခရီးစဉ် ဖွင့်လှစ်ပျံသန်းခြင်းဖြင့် နှစ်နိုင်ငံအကြား လေကြောင်းကွန်ရက်ချိတ်ဆက်မှုကို ပြန်လည်သက်ဝင်စေတော့မည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက စတင်ပျံသန်းသည့် လေကြောင်းခရီးစဉ်သစ်သည် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုမှာ ပခာနကျသည့် ရှေ့ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ-ရုရှားလေကြောင်းကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြား အဓိကကျသော ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမြင့်မားလာနိုင်ပြီး ကဏ္ဍအားလုံးတွင် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများရှိလာနိုင်မည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို လွယ်ကူစွာသိရှိနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း၌ ဖွင့်လှစ်ထားသော ဟိုတယ်နှင့်ခရီးသွားလာရေး သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေဖြင့် ရန်ကုန်၊ မန္တလေးမြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ နိုဗိုဆီဘာရစ်မြို့အကြား တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် နှစ်ကြိမ် (အင်္ဂါနေ့နှင့် စနေနေ့တို့တွင်) ပုံမှန်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယင်းမာပင်တွင် ဓာတုလျှော့ချ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ယင်းမာပင် စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း စိုက်ပျိုးထားသည့် ဓာတုလျှော့ချ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်က ဓာတုလျှော့ချ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေပြုပြင်မှု၊ ရေသုံးစွဲမှုနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲမှု၊ သဘာဝရွက်ဖျန်းအားဆေးသုံးစွဲမှုတို့ကို ရှင်းလင်းပြောကြားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ခင်းများအတွင်း လိုက်လံပြသကာ တောင်သူများ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား နေကြာမျိုးစေ့ထုပ်များ ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ တောင်သူများ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သဃ်န်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှသိန်း၊ တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး၊ သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ဦးစီး၍ တပ်ဖွဲ့ဝင်များက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ကြေးမုံ



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့နယ် ဇီးပင်သာအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်အောင် ဦးစီးရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ကိုလွင်(ဆွာ)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊**
**မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

○ စာမျက်နှာ ၁၂ မှ

ပြသမှုတွေကတော့ ထုံးစံပါပဲ။ အနောက်အုပ်စုနဲ့ အာဖရိက ယူနီယံရဲ့ ပိတ်ဆို့အရေးယူမှုတွေကိုတော့ ရှောင်လွှဲလို့ရမှာ မဟုတ်တဲ့အပြင် လိုအပ်ရင် ကုလသမဂ္ဂငြိမ်းချမ်းရေးဝတ်စုံတွေ ဝတ်ပြီး ပြင်သစ်နဲ့ အမေရိကန်တပ်တွေ ဂါဘွန်နယ်မြေထဲ ဝင်ရောက်လာနိုင်ပါသေးတယ်။ ပြင်ပဒီမိုကရေစီဘက်တော်သားတွေက မထောက်ခံပေမယ့် ဂါဘွန်တပ်မတော်ကတော့ သူ့ပြည်သူ၊ သူ့ပြည်တွင်းအင်အား၊ သူ့ပြည်ပမိတ်ဆွေတွေနဲ့ ဆက်လက်ချီတက်မယ့်သဘောရှိနေပြီး အာဖရိကရဲ့ပထဝီနိုင်ငံရေးမှာပါ တိုးတက်ပြောင်းလဲမှု ဖြစ်လာနိုင်ခြေများစွာရှိနေတာကို အကဲခတ်မိပါတယ်။

အမှန်တော့ ယခုဂါဘွန်အာဏာသိမ်းဖြစ်စဉ်နဲ့ ဆိုရင် အာဖရိကအနောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ သုံးနှစ်အတွင်း ရှစ်ကြိမ်မြောက်ရှိခဲ့ပါပြီ။ အာဏာသိမ်းမှုတွေအပေါ် သူမှန်တယ်၊ ကိုယ်မှန်တယ်အငြင်းပွားနေတာထက် ဘာကြောင့် ဒီလိုတွေဖြစ်ရသလဲဆိုတဲ့ အကြောင်းတရားကို မှန်မှန်ကန်ကန် ရှာဖွေနိုင်ဖို့ပဲလိုပါတယ်။ အာဏာသိမ်းမှုလုပ်ရပ်တိုင်းမှာ ပြည်သူတွေက တပ်မတော်ကို အနည်းနဲ့အများ ထောက်ခံကြတဲ့အတွက် တကယ့်အမှန်တရားက ဒီမိုကရေစီရဲ့ ချို့ယွင်းအားနည်းချက်တွေကိုသာ ရှာဖွေပြီး ယထာဘူတကျကျ သုံးသပ်အဖြေရှာကြဖို့ပါပဲ။ ဒီမိုကရေစီစံနှုန်းတွေ ဘယ်လိုကောင်းကောင်း၊ လူတွေရဲ့လောဘ၊ ဒေါသ၊ အတ္တနဲ့ယှဉ်တဲ့ အသိဉာဏ်မရင့်ကျက်မှုမျိုးနဲ့တော့ မလိုက်ဖက်ပါဘူး။

**ဒီမိုကရေစီဆိုပေမယ့် နိုင်ငံရေးသမားတွေညံ့ရင် စနစ်လည်းပျက်၊ တိုင်းပြည်လည်း ပျက်တာပါပဲ။ အချိန်တန်ရင် တပ်မတော်ဆိုတဲ့ ခိုင်မာညီညွတ်တဲ့ Institution တစ်ခုသာလျှင် အားကိုးရာဖြစ်ပြီး တိုင်းပြည်ကို ဝင်ထိန်းပေးရတာ ဖြစ်ပါတယ်။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ရင် တပ်မတော်က ဝင်ပါရတဲ့ အစဉ်အလာတစ်ခုဟာ အာဖရိကမှာစတင်နေပြီး ကမ္ဘာ့နေရာအချို့ဆီသို့တိုင် အစပျိုးနေပြီလား၊ နမူနာယူ သင်ခန်းစာယူစရာတွေ ထင်ထင်ရှားရှား တွေ့နေပါလျက်နဲ့ ရယူနိုင်စွမ်းမရှိကြရင်တော့ ကမ္ဘာကြီးရဲ့ကံကြမ္မာ အထူးသဖြင့် ဒီမိုကရေစီအယောင်ပြ အာဏာရှင်တွေအတွက်တော့ ယခုလိုမကောင်းတဲ့ ဓာတ်သိမ်းခန်းတွေ ထပ်မံမြင်တွေ့ရနိုင်ပါတယ်။**

ဂါဘွန်တပ်မတော်လက်အောက်မှာ အသွင်ကူးပြောင်းရေးကာလတစ်ရပ်ဆိုတာ တိုချင်လည်း တိုနိုင်တယ်၊ ရှည်ချင်လည်း ရှည်သွားနိုင်ပါတယ်၊ ဒါက ဂါဘွန်ပြည်သူတွေရဲ့ ကံကြမ္မာပါပဲ။ ဘယ်အရာမှာမဆို အားနည်းချက်ကနေ အားသာချက်ကို ပြောင်းနိုင်ခြင်းကသာ တိုးတက်ရာ တိုးတက်ကြောင်း အခွင့်အလမ်းကောင်း ဖြစ်မှာပါ၊ အာဖရိကဒေသတွင်း ဖြစ်စဉ်တွေအရ မကောင်းတဲ့ အစိုးရ၊ ညံ့ဖျင်းတဲ့ နိုင်ငံရေးသမားတွေနဲ့ထပ်တူ ဒေသသယံဇာတတွေကို ကုပ်သွေးစုပ်အမြတ်ထုတ်ယူနေတဲ့ ပြည်ပကိုလိုနီလက်သစ်တွေကြောင့် အနာဂတ်ဒီမိုကရေစီစနစ်အပေါ် လူတွေရဲ့ အားကိုးယုံကြည်မှု တဖြည်းဖြည်း လျော့ပါးလာနိုင်စရာသာ ရှိပါကြောင်းနဲ့ လက်ရှိကမ္ဘာ့အခြေအနေ၊ ကမ္ဘာ့အခင်းအကျင်းတွေအရ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ကိုက်ညီတဲ့ နိုင်ငံရေးစနစ်နဲ့အတူ အုပ်ချုပ်တဲ့သူတွေရဲ့ တိုင်းပြည်နဲ့ ပြည်သူအပေါ်ထားတဲ့ စေတနာ မေတ္တာနဲ့ ပညာဉာဏ်ပါတဲ့ ဦးဆောင်မှုကသာ အရေးကြီးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာပညာရေးဒီဂရီကောလိပ်နှင့် မိတ္ထီလာတက္ကသိုလ်တို့၌ ကျင်းပသည့် လူငယ်သီတင်းပတ်အထိမ်းအမှတ် လူငယ်စွမ်းရည်ပြပွဲများ လှည့်လည်ကြည့်ရှုအားပေး




**နေပြည်တော် စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့ သွားရောက်၍ လူငယ်သီတင်းပတ် (Youth Week) အထိမ်းအမှတ် လူငယ်စွမ်းရည်ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ၏ မြန်မာ့သိုင်း၊ fitness dance၊ ကရာတေးသရုပ်ပြသမှုများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများ၏ ရေဒိုးပျံလွှတ်တင်မှုများနှင့် ဈေးရောင်းပွဲတော်ဆိုင်ခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပညာပါရမီခန်းမ၌ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်နှင့်ပတ်သက်သော လူငယ်စွမ်းရည်သရုပ်ဖော်တင်ဆက်ပြသမှုများဖြစ်သည့် "ထီလာမြေ MEDC" သီချင်းဖြင့် သီဆိုကပြမှု၊ "ထွန်တုံးမှ ထိပ်ဆုံးသို့" တစ်ခန်းရပ်ပြဇာတ်၊ The Singing Walrus(Acting Song) သီချင်းဖြင့် အုပ်စုလိုက်တင်ဆက်မှု၊ "မိုးဇာဗျော" သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှု၊ "လိမ္မာယဉ်ကျေး လေ့ကျင့်ပေး" သရုပ်ဖော်တင်ဆက်မှု၊ "MEDC အငြိမ့်" ၏ ဖျော်ဖြေတင်ဆင်မှု၊ "ရတနာပုံ" သီချင်းသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်တင်ဆက် ဖျော်ဖြေသူများကို ဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အိမ်တွင်းလက်မှုပြခန်းတွင် ပြသထားသည့်ပစ္စည်းများကို အားပေးကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ သွားရောက်၍ အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် "မိတ္ထီလာတက္ကသိုလ် လူငယ်သီတင်းပတ် အထိမ်းအမှတ် ဗလငါးတန်ဖွံ့ဖြိုးရေး စွမ်းရည်ပြပွဲ" ကို ကြည့်ရှုအားပေးသည်။

အဆိုပါစွမ်းရည်ပြပွဲတွင် ရူပဗေဒကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ ကာယဗလမောင် သရုပ်ပြပွဲ သမိုင်းကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ လှယဉ်ကျေးမယ်သရုပ်ပြပွဲ၊ ဓာတုဗေဒ ကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ ကျောင်းသားများ၏ ရိုးရာခြင်းအလှခတ်သရုပ်ပြပွဲတို့ကိုကြည့်ရှုအားပေးပြီး စွမ်းရည်ပြပွဲအပြီးတွင် ပါဝင်တင်ဆက်ကြသည့် ကျောင်းသားကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ကြသည်။






အလားတူ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာဆရာမ၊ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စာသင်ခန်းအတွင်း ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား၊ သင်ယူနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ကန်းကျွန်း ပညာရေး ဒီဂရီကောလိပ်၌ ယနေ့နံနက် ၁၀ နာရီက လူငယ်သီတင်းပတ်အဖြစ် လူငယ်စကားဝိုင်း၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးနှင့် သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ သင်တန်းဆရာမတို့က Moderator အဖြစ် ဆောင်ရွက်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူခြောက်ဦးတို့က "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့်စာရိတ္တ"၊ "လူငယ်နှင့်အားကစား"၊ "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့်မူးယစ်ဆေးဝါး"၊ "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော သင်တန်းသား သင်တန်းသူများ၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို သင်တန်းသား သင်တန်းသူများက ကြည့်ရှုပြီး အစားအသောက်ဈေးရောင်းပွဲတော်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**လင်းလင်း(ပြန်/ဆက်)**



## တောင်ငူပညာရေးဒီဂရီကောလိပ်၌ လူငယ်သီတင်းပတ် အခမ်းအနားကျင်းပ

**တောင်ငူ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ လူငယ်သီတင်းပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ တောင်ငူပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်တို့က အခမ်းအနားကို တောင်ငူပညာရေးဒီဂရီကောလိပ်ရှေ့မျက်နှာစာ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သင်တန်းသားသင်တန်းသူများ၏ Fitness Dance တင်ဆက်ခြင်းကို ကြည့်ရှုကြသည်။

**ဖျော်ဖြေ**

ဆက်လက်၍ တောင်ငူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အမှာစကားပြောကြားပြီး တောင်ငူပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက ပအိုဝ်းယဉ်ကျေးမှုအက၊ ရှမ်းရိုးရာလမုဝ်းအက၊ ကရင်ယဉ်ကျေးမှုအက၊ ဒိုးပတ်ဝိုင်း အဆို၊ အတီး၊ အက၊ လောကနီတိသရုပ်ဖော်ပြဇာတ်တို့ဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများက နံရံကပ်စာစောင်၊ ပြခန်းများနှင့် ဈေးရောင်းပွဲတော်တို့ကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဇော်ကိုကို (ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ လူငယ်သီတင်းပတ်အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လူငယ်သီတင်းပတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သန်လျင်မြို့ရှိ ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Sea Lion Co.,Ltd Group Chief People Officer ဒေါ်စပယ်နှင့် May Kyi Food Prodaction CEO ဦးကျော်ဇေမြင့်တို့က ဟောပြောဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။



လူငယ်သီတင်းပတ် အခမ်းအနားကို ယနေ့မှစ၍ စက်တင်ဘာ ၈ ရက်အထိ ဆွေးနွေးပွဲများ၊ အားကစား သရုပ်ပြပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ မိတ်ဆုံစားပွဲများ၊ စာအုပ်ပြပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ လူငယ်သတင်းပတ်လှုပ်ရှားမှု မြင်ကွင်း


ပြည်တက္ကသိုလ်


မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်



လားရှိုးတက္ကသိုလ်



ရန်ကုန်တက္ကသိုလ်


မြင်းခြံတက္ကသိုလ်


မုံရွာပညာရေးဒီဂရီကောလိပ်


မြောင်းမြပညာရေးဒီဂရီကောလိပ်


ဘိုကလေးပညာရေးဒီဂရီကောလိပ်



တောင်ငူတက္ကသိုလ်


ကျောက်ဖြူပညာရေးဒီဂရီကောလိပ်


ပခုက္ကူတက္ကသိုလ်



ထားဝယ်ပညာရေးဒီဂရီကောလိပ်





ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြားရှိ ရထားလမ်းကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားသောကြောင့် သံလမ်းများ ပြတ်တောက်ပျက်စီးနေသည်ကို တွေ့ရစဉ်။

○ ကျောဖုံးမှ

နံနက် ၃ နာရီ ၃၂ မိနစ်တွင် ရောက်ရှိစဉ် ရထား မီးရောင်အောက်၌ တံတားအမှတ်(BR-137)ပေါ် နှင့် ရထားလမ်းအနီးတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲထားသောကြောင့် သံလမ်းများပြတ်တောက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် စက်ခေါင်းမောင်းက ရထားအား အချိန်မီရပ်တန့်ပြီး ပိန်းဇလုပ်ဘူတာသို့ နောက်ပြန်ဆုတ်ခွာရပ်တန့်၍ လမ်းပိုင်းအား နံနက် ၄ နာရီ ၁၀ မိနစ်မှစ၍ ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်နေရာအား စစ်ဆေးရာ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းနှစ်လုံး ဖောက်ခွဲခဲ့ခြင်းကြောင့် ရထားသံလမ်းပေ ၈၀ ခန့် ပြတ်တောက်တွန့်လိမ်သွားခြင်း၊ ကွန်ကရစ်ဇလီဖားတုံး ၁၄ တုံး ပျက်စီးခြင်း၊ ၁၀ ပေအရှည်ရှိ ကွန်ကရစ်တံတားကြမ်းခင်း သုံးပေပတ်လည်ခန့် ထိခိုက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် မြန်မာ့မီးရထားမှ ပျက်စီးမှုများအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပြီးစီးခဲ့ရာ နံနက် ၁၁ နာရီ ၁၅မိနစ်ခန့်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရထားခရီးစဉ်များကို ဆက်လက်စေလွှတ်ပေးနေပြီဖြစ်သည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ ရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းများ၊ ဘူတာနယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၂၅ ကြိမ်၊ တံတားမိုင်းခွဲခြင်း ၄၅ ကြိမ်၊ ဘူတာနှင့် ဝန်ထမ်းနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရထားလမ်းနှင့် တံတားများ ပျက်စီးခြင်း၊ ရထားစက်ခေါင်းနှင့် တွဲများထိခိုက်ပျက်စီးခြင်း၊ ကုန်စည်များ ပျက်စီးဆုံးရှုံးခြင်း၊ ခရီးသည်များ လမ်းခရီး၌ကြန့်ကြာ၍ အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ကြရသည်။ ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ငန်းများကို တစိုက်မတ်မတ် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်နေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များအပေါ် လွန်စွာစက်ဆုပ်ရွံရှာလျက်ရှိကြကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Htoo Khant Kyaw” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်းကျေးရွာနေ ထူးခန့်ကျော်အား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Win Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက်နေ ဝင်းမြင့်အား ညနေ ၄ နာရီ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၃၀ | ၂၃၅၀ | ၂၃၃၅ | ၂၃၁၅ | ၂၄၁၀ | ၂၄၃၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၇၀ | ၂၆၀၀ | ၃၃၁၅ |
| 95 Ron | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၆၀ | ၂၄၄၅ | ၂၄၂၀ | ၂၅၂၀ | ၂၅၃၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၀၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၀ | ၂၇၇၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၃၅ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၈၀ | ၂၆၇၅ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၄၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၃၅ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၈၀ | ၂၆၇၅ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၄၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၉ | ၂၂၄၆ |
| 95 Ron | ၂၂၇၄ | ၂၃၅၃ |
| HSD (500 ppm) | ၂၃၃၆ | ၂၄၁၂ |
| HSD (50 ppm) | ၂၄၁၀ | ၂၄၈၈ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆
၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာရှိ တောင်ကလေးတောရဘုန်းတော်ကြီးကျောင်း၌ အုတ်ရှစ်ကုန်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဇင်ဦး ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်ကျော်(ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကသာမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင်</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td></tr>
<tr><td></td><td>၄</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပခုက္ကူမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td colspan="3">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သရက်မြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျောက်ဖြူမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၃</td><td>ပေလီမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၄</td><td>မြောက်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2">တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td colspan="3">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td></td><td>၃</td><td>လားရှိုးမြို့</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td colspan="5">တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း** (Air Quality Index - AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဉာဏဗလအုတ်မြစ်ပေါ်မှာ

မောင်ခြိမ့်မြိုင်

လူငယ်တစ်ယောက်သည် ပညာသင်ယူတတ်မြောက်ပြီးနောက် အသက်မွေးမှုအတွက် သင့်တင့်လျောက်ပတ်သော ဝင်ငွေရသည့်အလုပ်အကိုင်တစ်ခုရှိမည်၊ မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းများရှိမည်၊ ရောဂါဝေဒနာကင်း၍ ကျန်းကျန်းမာမာရှိမည်၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းမည်ဆိုလျှင် ထိုလူငယ်သည် ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ကာယဗလဟူသော ဗလငါးတန် ကိုယ်ခံကောင်းများကို ပိုင်ဆိုင်နေပြီဟုဆိုရမည်ဖြစ်သည်။

**လောကနီတိ**

ဗလငါးတန် မပြည့်စုံသေးသော လူငယ်များကို ပြည့်စုံစေရန်၊ ပြည့်စုံပြီးလူငယ်များကို ဖွံ့ဖြိုးစေရန် ခေတ်အဆက်ဆက်တွင် စာပေအမျိုးမျိုးဖြင့် လမ်းညွှန်မှုများရှိသည်။ ထင်ရှားသောလမ်းညွှန်စာပေတစ်ရပ်မှာ ပင်းယခေတ် မြန်မာသက္ကရာဇ် ၆၀၀ ကျော်ကာလတွင် စတုရင်္ဂဗလအမတ်ကြီး ရေးသားခဲ့သော ‘လောကနီတိ’ဖြစ်သည်။ လောကနီတိမှာ ပါဠိဘာသာဖြင့်ရေးသားသောကျမ်းဖြစ်ပြီး ခေတ်အဆက်ဆက်တွင် မြန်မာဘာသာပြန်ခြင်း၊ ပျို့ကဗျာလင်္ကာဖွဲ့ခြင်းတို့ဖြင့် ယနေ့ခေတ်အထိ လက်ဆင့်ကမ်းခဲ့သော စာပေအမွေဖြစ်သည်။ လောကနီတိ၏ ပထမအခန်းဖြစ်သော ပဏ္ဍိတကဏ္ဍ (ပညာရှိအကြောင်းဖော်ပြသောအခန်း)တွင် ဉာဏဗလဟုခေါ်သောပညာ၏ အခြေခံကျမှု၊ အရေးပါမှုကို ဤသို့ဆိုထားသည်။

**“ပျင်းသောသူအား အတတ်အဘယ်မှာတတ်အံ့နည်း။**
**အတတ်မရှိသောသူအား ဥစ္စာအဘယ်မှာရအံ့နည်း။**
**ဥစ္စာမရှိသောသူအား အဆွေခင်ပွန်းအဘယ်မှာရအံ့နည်း။**
**အဆွေခင်ပွန်းမရှိသောသူအား ချမ်းသာအဘယ်မှာရအံ့နည်း။**
**ချမ်းသာမရှိသောသူအား ကောင်းမှုအဘယ်မှာပြုနိုင်အံ့နည်း။**
**ကောင်းမှုမရှိသောသူအား နိဗ္ဗာန်ကိုအဘယ်မှာရနိုင်အံ့နည်း။”**

ဤအဆိုအမိန့်တွင် အကြောင်းနှင့်အကျိုး အဆင့်ဆင့်ချိတ်ဆက်သွားပုံကို တွေ့နိုင်သည်။ ပျင်းလျှင် ပညာတတ်မည်မဟုတ်။ ပညာမတတ်လျှင် ဥစ္စာရှိမည်မဟုတ်။ ဥစ္စာမရှိလျှင် မိတ်ဆွေရှိမည်မဟုတ်။ မိတ်ဆွေမရှိလျှင် ချမ်းသာရှိမည်မဟုတ်။ ချမ်းသာမရှိလျှင် ကောင်းမှုပြုနိုင်မည်မဟုတ်။ ကောင်းမှုမရှိလျှင် နိဗ္ဗာန်ရောက်မည်မဟုတ်ဟူ၍ အကြောင်းနှင့်အကျိုး ဆက်စပ်ပြသွားခြင်းဖြစ်သည်။ ဗလငါးတန်ရှုထောင့်မှကြည့်လျှင် ဉာဏဗလခေါ် ပညာ၏အရင်းခံကျမှုကို ဤအဆိုအမိန့်တွင် တွေ့နိုင်သည်။ ဉာဏဗလ(ပညာအား)ကို အခြေခံ၍ ဘောဂဗလ (ဥစ္စာအား)၊ မိတ္တဗလ (မိတ်ဆွေအား)၊ စာရိတ္တဗလ(ကိုယ်ကျင့်အား) တို့ ဖြစ်ပေါ်လာရပုံကိုတွေ့ရသည်။

ကာယဗလ (ကာယအား) အကြောင်း ဤအဆိုအမိန့်တွင် တိုက်ရိုက်မပါသော်လည်း ‘ပညာ’ သည် အခြားလိုအပ်ချက်များကို ပြည့်စုံစေနိုင်သကဲ့သို့ ကိုယ်ကာယကျန်းမာမှု၊ ရောဂါဘယကင်းမှုဟူသောလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ကာယဗလသည် ဉာဏဗလပေါ်တွင် အခြေတည်ကြောင်း နားလည်နိုင်ပါသည်။ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့တွင် **“အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့”**ဟု ဖွဲ့ဆိုထားသည်။ အသက်ရှည် အနာမဲ့ခြင်း ဟူသော ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပညာသည်အရေးပါကြောင်း မိန့်ဆိုထားခြင်း ဖြစ်သည်။

နောက်အဆိုအမိန့်တစ်ခုမှာ ဆားတုံဆရာတော်၏ ပုတ္တောဝါဒပျို့




မှ အများသိကြသော ပညာမသင်သည့် ကုဋေကြွယ်သူဌေးသားအကြောင်းဖြစ်သည်။ **“ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်ငြား၊ သူဌေးသားလျှင်”** အစချီ၍ မိဘများက သားကိုလွဲမှားသောချစ်ခြင်းဖြင့် အိမ်မှာပင် ပြုစုယုယကာ ပညာသင်ရန် ကျောင်းသို့မပို့သည့်အတွက် စာမတတ် ပေမတတ်ဖြစ်ကာ ဉာဏဗလ ချို့ယွင်းခဲ့ရပုံ၊ မိဘကွယ်လွန်သွားသောအခါ မိဘထားခဲ့သော ပစ္စည်းဥစ္စာများကို ပညာမတတ်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုနိုင်တော့ဘဲ ဘောဂဗလလည်း ချို့ယွင်းရပုံ၊ မိတ်ကောင်းဆွေကောင်းမရှိဘဲ လိမ်လည်လှည့်ဖြားသူများသာတွေ့ရ၍ မိတ္တဗလလည်း ချို့ယွင်းခဲ့ရပုံ၊ မိတ်ဆွေအတုအယောင်များနှင့် မူးရူးသောက်စားကာ စာရိတ္တဗလ ချွတ်ယွင်းခဲ့ရပုံ၊ နောက်ဆုံးတွင် ခွက်လက်စွဲပြီး တောင်းစားရသောဘဝသို့ရောက်ပြီး အများက ရိုက်ပုတ်နှင်ထုတ်ကြသဖြင့် ရောဂါဝေဒနာစွဲကပ်ကာ သေဆုံးရသည်အထိ ဆိုးကျိုးခံစားရပြီး နောက်ဆုံး ကာယဗလ ချွတ်ယွင်းခဲ့ရပုံတို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

**လောကနီတိပျို့**

ဉာဏဗလနှင့်ပြည့်စုံစေရန်၊ ပညာအခြေခံ ခိုင်မာတောင့်တင်းစေရန် လူငယ်များသည် ပညာကို အပတ်တကုတ်ဆည်းပူးနေကြသည်။ ပညာရှာပုံနှင့်ပတ်သက်၍ စတုရင်္ဂဗလအမတ်ကြီး၏ လောကနီတိကို ကုန်းဘောင်ခေတ်တွင် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အမှာတော်ရေးဦးရှင်ကလေးက ‘လောကနီတိပျို့’ ဟူ၍ ပျို့ကဗျာအသွင်ဖြင့် ဖွဲ့ထားသည်။ လောကနီတိပျို့တွင် –

**“သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့်၊ မှတ်ရန်တစ်ခု၊ နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ငြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကျောင်း၊ ဖြစ်တုံရှောင်း၏။”** ဟူ၍ ရေးဖွဲ့ထားသည်။ ပညာရှာရာတွင် ပညာတစ်ခုကို နည်းသည် အသေးအဖွဲဖြစ်သည်ဟု သဘောမထားဘဲ ဆည်းပူးရမည်။ အင်းများ၊ ချောင်းများ၊ ကန်များတွင် ရေတဖြည်းဖြည်းပြည့်လာသည့်ပုံအတိုင်း ပညာကို တဖြည်းဖြည်းတိုးပွားလာအောင် သင်ယူရမည်။ နှုတ်မှုပညာ၊ လက်မှုပညာတစ်ခုကို အစအဆုံး အရင်းမှအဖျားအထိတတ်အောင် ဆည်းပူးပါက ထိုပညာသည် အသက်မွေးနိုင်သောပညာဖြစ်လာမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် တစ်ခါက တက္ကသိုလ်မဂ္ဂဇင်းတစ်စောင်တွင် အထက်ပါလောကနီတိအဆိုအမိန့်ကို ကိုးကားလျက် စာတစ်ပုဒ်ရေးသား ချီးမြှင့်ဖူးသည်။ ခေါင်းစဉ်မှာ ‘ပန်းပဲရွာမှာ အပ်ရောင်းနိုင်အောင်ကြိုးစားရမည်’ ဟူ၍ဖြစ်သည်။ ငါးရာ့ငါးဆယ်နိပါတ်မှ ‘သူစိဇာတ်’ ခေါ် ဇာတ်ဝတ္ထုကို ကိုးကားမိန့်ဆိုခြင်းဖြစ်သည်။ ‘သူစိ’ မှာ ‘အပ်’ ဟု အဓိပ္ပာယ်ရသောပါဠိစကားဖြစ်သည်။ ပန်းပဲရွာသို့ အပ်သွားရောင်းသော ဘုရားလောင်းပန်းပဲဆရာလေးအကြောင်းဖြစ်သည်။

ဘုရားလောင်းပန်းပဲဆရာလေးသည် ထူးခြားလှသော အပ်တစ်ချောင်းကို ပြုလုပ်ပြီး ပန်းပဲတစ်ထောင်နေထိုင်သော ပန်းပဲရွာသို့သွား၍ ‘အပ်ဝယ်ကြမလား’ ဟု ကြွေးကြော်သည်။ ပန်းပဲရွာမှာ အပ်လာရောင်းခြင်းမှာ ပန်းပဲသမားများကို စိန်ခေါ်ခြင်းဖြစ်သည်။ ပန်းပဲဆရာကြီးက စိတ်ဝင်စားပြီး အပ်သည်ကိုခေါ်၍ အပ်ကို ပြခိုင်းသည်။ အချောင်းကလေးတစ်ချောင်းထုတ်ပြ၍ ‘ဒါအပ်လား’ ဟု မေးရာ ‘အပ်မဟုတ်ပါ၊ အပ်ကျည် (အပ်ထည့်သောအိမ်) သာဖြစ်ပါသည်’ ဟုပြောသည်။ ထိုအပ်အိမ်ကို ချွတ်လိုက်ရာ နောက်ထပ်အချောင်းကလေးထွက်လာပြန်သည်။ ‘ဒါအပ်လား’ ဟု မေးမြန်းရာ ‘မဟုတ်ပါ၊ အပ်ကျည်ပဲဖြစ်ပါသည်’ ဟု ဖြေပြန်သည်။ ဤသို့ဖြင့် အပ်ကျည်ခုနစ်ထပ်ကိုချွတ်ပြပြီး နောက်ဆုံးထွက်လာသော သေးသေးမျှင်မျှင် အချောင်းကလေးကိုမှ ‘ဒါအပ်ပါပဲ’ ဟု ပြောသည်။ ပန်းပဲဆရာကြီးက ‘ဒီလောက်သေးငယ်တဲ့အပ်ကလေးက ဘာအစွမ်းရှိသလဲ’ ဟု မေးရာ ပန်းပဲဆရာလေးက ရေပေါ်မှာ ပေတုံးတစ်တုံးတင်စေပြီး ပန်းပဲဆရာကြီးအား ထိုအပ်ကလေးကို ပေတုံးပေါ်မှာစိုက်၍ တူဖြင့်ရိုက်စေရာ အပ်ကလေးသည် ပေတုံးကို ထုတ်ချင်းဖောက်ပြီး အောက်က ရေခွက်ထဲသို့ ကျသွားသည်။ ပန်းပဲဆရာကြီးနှင့် တပည့်ပန်းပဲတစ်ထောင်တို့က ဘုရားလောင်းပန်းပဲဆရာလေး၏ ပညာစွမ်းကို အံ့သြချီးကျူးကြသည်။ ပန်းပဲဆရာကြီးသည် ပန်းပဲဆရာလေး၏ ပညာစွမ်းကို အလေးအမြတ်ပြုသောအားဖြင့် တစ်ဦးတည်းသော သမီးချောလေးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်လေတော့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ထိုဇာတ်ကို ရည်ညွှန်းပြီး တက္ကသိုလ်ကျောင်းသားများအား ပန်းပဲဆရာလေးကဲ့သို့ ပညာတစ်ရပ်ကို အဆုံးတိုင် ပေါက်မြောက်ထူးချွန်အောင်သင်ယူဆည်းပူးကြရန် “ပန်းပဲရွာမှာအပ်ရောင်းနိုင်အောင် ကြိုးစားကြပါ” ဟု တိုက်တွန်းခြင်းဖြစ်သည်။

**လှုပ်ရှားမှုအမျိုးမျိုးကို ပုံဖော်**

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်ဖြင့် လှုပ်ရှားမှုအမျိုးမျိုးကို ပုံဖော်ကြရာတွင် ကာယဗလဖွံ့ဖြိုးရေးဆိုင်ရာ အားကစားသရုပ်ပြပွဲများ၊ ကာယအလှပြပွဲများ၊ ဉာဏဗလဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဖလှယ်သည့်စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ စာရိတ္တဗလဖွံ့ဖြိုးရေးဆိုင်ရာ လောကနီတိနှင့် ကိုယ်ကျင့်တရားမြင့်မားရေး ဟောပြောပွဲများ၊ မိတ္တဗလဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဆုံပွဲများ၊ ဘောဂဗလဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးအသိပညာဖြန့်ဝေသည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ပုံဖော်ဆောင်ရွက်လျက်ရှိကြပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပုံစံအမျိုးမျိုး၊ အဆင့်အမျိုးမျိုးဖြင့် ပညာသင်ကြားနေသော ကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အရင်းခံမူလဖြစ်သော ဉာဏဗလ(ပညာအား) ပြည့်စုံဖွံ့ဖြိုးစေရန် သင်ယူဆည်းပူးခြင်းဖြင့် ကျန်ရှိသော ကာယဗလ (ကာယအား)၊ မိတ္တဗလ(မိတ်ဆွေအား)၊ ဘောဂဗလ(ပစ္စည်းဥစ္စာအား)၊ စာရိတ္တဗလ(ကိုယ်ကျင့် တရားအား) ဟူသော အင်အားများပါ ပြည့်စုံဖွံ့ဖြိုးလာပြီး အနာဂတ်နိုင်ငံတော်၏ “ပိုမိုကောင်းမွန်သော မနက်ဖြန်များ”ကို ပုံဖော်ဖန်တီးနိုင်စွမ်းရှိမည့် လူငယ်များအဖြစ် တင့်တယ်စွာနေရာယူနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

**“ပုံစံအမျိုးမျိုး၊ အဆင့်အမျိုးမျိုးဖြင့် ပညာသင်ကြားနေသော ကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အရင်းခံမူလဖြစ်သော ဉာဏဗလ (ပညာအား) ပြည့်စုံဖွံ့ဖြိုးစေရန် သင်ယူဆည်းပူးခြင်းဖြင့် ကျန်ရှိသော ကာယဗလ (ကာယအား)၊ မိတ္တဗလ (မိတ်ဆွေအား)၊ ဘောဂဗလ (ပစ္စည်းဥစ္စာအား)၊ စာရိတ္တဗလ (ကိုယ်ကျင့်တရားအား) ဟူသော အင်အားများပါ ပြည့်စုံဖွံ့ဖြိုးလာပြီး အနာဂတ်နိုင်ငံတော်၏ “ပိုမိုကောင်းမွန်သော မနက်ဖြန်များ”ကို ပုံဖော်ဖန်တီးနိုင်စွမ်းရှိမည့်လူငယ်များအဖြစ် တင့်တယ်စွာနေရာယူနိုင်ကြလိမ့်မည်”**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၈၅၇။ | အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ D.Phil(Oxford)၏ သက်တော်(၅၉)နှစ်ပြည့်မွေးနေ့ (၂၂-၁၁-၂၀၂၃)ဓမ္မဒါနအလှူရှင်အဖြစ် ရဟန်းဒါယကာနှင့်ဇနီး ဒါယိကာမများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)နှင့်ဇနီး (ဒေါ်ခင်မြင့်)၊ (သား) ဗိုလ်မှူးအေးချို(ငြိမ်း) (ညွှန်မှူး၊ စွမ်းအင်-ငြိမ်း)နှင့်ဇနီး ဒေါ်နွယ်နီလှိုင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၅၈၅၈။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားအမှူးထား၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးရဲနိုင်နှင့်ဇနီး ဒေါ်သီသီခိုင်၊ (သား)ကိုရဲပြည့်ခိုင်၊ (သမီး) မဖူးပွင့်သော် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၅၈၅၉။ | ဦးဆန်းလွင် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၅၈၆၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ သီရိပုံချို ဗိုလ်မှူးကြီးမြငြိမ်း(ငြိမ်း)နှင့်ဇနီး (ဗိုလ်ကြီးဒေါ်စန်းမြင့်-ငြိမ်း)၊ (သား) ကိုစည်သူငြိမ်း၊ (သမီး) ဒေါ်နီလာရွှေစင်၊ (ဒုတိယရဲမှူးကြီးမျိုးဇော်ဦး)၊ ဒေါ်ကလျာရွှေစင်၊ (မြေး) မရွှေစင်ရတနာမျိုး၊ မောင်စွမ်းပြည့်ဟိန်းဇော် မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၅၈၆၁။ | ဦးအောင်တင်စိုးနှင့်ဇနီး ဒေါ်ခင်မိုးမိုး (အမြဲတမ်းအတွင်းဝန်) ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၅၈၆၂။ | ဦးစိုးအောင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၅၈၆၃။ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်မာ၊ ဒေါ်မိုးမိုး မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၅၈၆၄။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အရာထမ်း၊ အမှုထမ်းများကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၅၈၆၅။ | ကွယ်လွန်သူ ဖခင်ကြီး ဦးမင်းဒင်နှင့် မိခင်ကြီး ဒေါ်ထင်မေတို့အားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၈၆၆။ | ရွှေရတုတိပိဋကနိကယ်ကျောင်းတိုက်(မော်ကျွန်း) ဆရာတော်ကြီးအားအမှူးထား၍ ဒေါက်တာခင်မောင်ထွန်းနှင့်ဇနီး ဒေါ်ဥမ္မာသန်း မိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၅၈၆၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဗိုလ်မှူးကြီးကျော်ကျော်ဦး(ငြိမ်း)နှင့်ဇနီး ဒေါ်မိုးမိုးအောင်၊ (သား) ဗိုလ်ကြီးသန်းထိုက်ဦး၊ မောင်ကောင်းဇော်ထက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၈၆၈။ | ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၈၆၉။ | ဦးညွန့်မောင်အားရည်စူး၍ ဒေါ်မြတင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၈၇၀။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်ကေခိုင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၈၇၁။ | ဦးမင်းဇော်ဦး "မင်းပြည့်စုံ"ကုမ္ပဏီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၈၇၂။ | ဦးချစ်တင်နှင့်ဇနီး ဒေါ်တင်အုန်းအားရည်စူး၍ ဦးမင်းဆွေဦးနှင့်ဇနီး ဒေါ်ခင်လေးနွယ်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၈၇၃။ | ဖခင်ကြီး ဦးချစ်တင်နှင့် မိခင်ကြီး ဒေါ်တင်အုန်းတို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၈၇၄။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်မြင့်မြင့်တင်မိသားစုကောင်းမှု | ၄၁၀၀၀၀ |
| ၅၈၇၅။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ဝေဝေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၇၆။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးဇော်ဇော်စိုးအားရည်စူး၍ ဦးတင်စိုးနှင့်ဇနီး ဒေါ်မြင့်မြင့်သန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၇၇။ | ကိုမော်ဇင်နှင့်ဇနီး မဆုမြတ်နိုးကျော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၇၈။ | ဦးသန်းနိုင်နှင့်ဇနီး ဒေါ်ကြူကြူ(သူနာပြု) မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၇၉။ | ကွယ်လွန်သူ ဦးဒိုးလေးနှင့်ဇနီး ဒေါ်အုန်းကြည်၊ (ကိုငယ်) ဦးသန်းရှိန်၊ (မောင်လေး) မောင်တင်လှိုင်တို့အားရည်စူး၍ ကျန်ရစ်သူ ညီမ၊ အစ်မမိသားစုကောင်းမှု | ၃၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၈၈၀။ | ဦးကျော်စိန်နှင့်ဇနီး ဒေါ်သန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၈၈၁။ | ဦးသန်းညွှန့်နှင့်ဇနီး ဒေါ်စန်းတင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၈၈၂။ | ဒေါက်တာသိန်းဝင်းနှင့်ဇနီး ဒေါ်ခင်စောမြင့် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၈၈၃။ | ဦးတင့်ဝေနှင့်ဇနီး ဒေါ်ခင်နုမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၅၈၈၄။ | ဘဒ္ဒန္တဝဏ္ဏသီရိ၊ ပဓာနနာယကဆရာတော်နှင့် ဓမ္မရက္ခိတဟသ်ာတကျောင်းမှ ဆရာတော်များကောင်းမှု | ၁၁၁၁၁၁ |
| ၅၈၈၅။ | ဦးကြည်စောနှင့်ဇနီး ဒေါ်မိမိအောင်ထွေး မိသားစုကောင်းမှု | ၁၁၁၀၀၀ |
| ၅၈၈၆။ | ဦးအောင်ကျော်စိန်နှင့်ဇနီး ဒေါ်ရွှေလုံး မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၈၇။ | မိခင်ကြီး ဒေါ်မြင့်မြင့်စန်းအားရည်စူး၍ ကိုမင်းမင်းလတ်နှင့်ဇနီး မသီရိကို မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၈၈။ | ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်တင်ငွေး မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၈၉။ | ဒေါ်အမာခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၀။ | ဦးညီညီလွင်နှင့်ဇနီး ဒေါ်ထားထားမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၁။ | ကြွယ်အီလက်ထရောနစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၂။ | ဦးလွင်နှင့်ဇနီး မသွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၃။ | မိဘနှစ်ပါးအားရည်စူး၍ ဦးကျော်ကြီးနှင့်ဇနီး ဒေါ်သက်မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၄။ | ဦးလှရွှေနှင့်ဇနီး ဒေါ်ငွေရှင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၅။ | ကိုမိုးဝင်းနှင့်ဇနီး မသွယ်ဇင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၆။ | မယုဇနအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၇။ | ဒေါ်ခင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၈။ | ဦးသက်စိန်နှင့်ဇနီး ပါမောက္ခ ဒေါ်အေးအေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၉၉။ | သား ရဟန်းတော် ဦးသုစိတ္တာဘိဝံသ၊ ဦးမောင်တောနှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်စန်းစန်းဝေ နဲ့သာမြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄(အောင်စေတီစီမံချက်)၊ မြေကွက်အမှတ်-၁-ခ/B-၆၁-B၊ ဧရိယာ ၀.၀၈၉ဧက၊ မြေကွက်တည်နေရာအမှတ်-၇၇၂/က၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်ခင်လှိုင်[၁၂/အစန(နိုင်)၀၅၄၄၃၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လှိုင်[၁၂/အစန(နိုင်)၀၅၄၄၃၉]ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ အထူးကိုယ်စားလှယ်လွှဲစာ ၁၁၁၂၆/၁၇(၅-၁၂-၁၇)ဖြင့်ရရှိသူ ဦးဆန်းထွန်း[၁၂/အစန(နိုင်)၀၅၄၇၉၂]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ SP-၁၁၁၂၆/၁၇(၅-၁၂-၁၇)၊ ဂရန်မူရင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါအား ယနေ့တိုင် ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် ၂/၉/၂၀၂၂(၁-၂-၂၀၂၂)တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၁၅ခုနှစ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းမှာ အမှန်တကယ်ပျောက်ဆုံးသွားကြောင်းနှင့် ဖြစ်ပေါ်လာသောကိစ္စအဝဝကို ၎င်းမှ အလုံးစုံတာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာပူးတွဲ၍ ရှင်းလင်းစာတင်ပြလာသဖြင့် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် အေးလွင် [၈/ဆပဝ(နိုင်)၀၅၂၀၅၂]၏ လုပ်သက်စာအုပ်အမှတ် (၁၀၄၉/၀၀) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-423599277**



**မိခင်အမည်မှန်**

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ)ဒရယ်၊ Grade-12 မှ မမိုးမြတ်သူ၊ Grade-10 မှ မခိုင်သဇင်ဦးနှင့် Grade-6 မှ မအေးမြတ်လွင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်စပါယ် [၁၀/ခဆန(နိုင်)၁၆၀၃၄၁]ဖြစ်ပါကြောင်း။

**ဒေါ်စပါယ်**



**ပြင်ဆင်ဖတ်ရှုပါရန်**

(၄-၉-၂၀၂၃)ရက်နေ့၊ ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ငြိမ်းငြိမ်း (စဉ်-၁၅၈၉၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အမှတ်(၂၆)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အစား တိုက်အမှတ်(၂၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Firewall / Core & Distribution Switch | 1 Lot / ၂ လုံး |
| (ခ) | ဓာတ်ခွဲခန်းအတွင်းပိုင်း Vinyl Flooring များ | 1 Lot |
| (ဂ) | ရေမီတာ(Smart Meter)ဆိုဒ်စုံ | ၈၅ လုံး |
| (ဃ) | ဒီဇယ်ဆီ/ ပရီမီယံ/ ဓာတ်ဆီ | ၅၀၆၀၀၀/ ၅၀၀၀၀/ ၅၀၀၀ ဂါလန် |
| (င) | ဘိလပ်မြေ/ ကျောက်စရစ် | ၆၀၀၀၀၀ အိတ် / ၅၃၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၉-၂၀၂၃ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၀-၉-၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ကျေးရွာအုပ်စု၊ အမ်းကြီးနားကျေးရွာတွင် နေထိုင်သော မောင်မျိုးသက်ဦး [၈/ပခက(နိုင်)၂၃၃၇၄၀] နိုင်ငံကူးလက်မှတ်စာအုပ် အမှတ်(မမှတ်မိ) ခရီးသွားလာစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၄၆၄၄၂၅၂**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဆင်ဘုတ်ကျေးရွာအုပ်စု၊ ဆားတလင်းကျိန်ကျေးရွာတွင် နေထိုင်သူ (ဘ) ဦးလှစောအောင် [၁၁/ကဖန(နိုင်)၀၇၅၆၃၅]၏ သမီးဖြစ်သူ မစုစုဝင်း (ခ) မစိုးစိုးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစိုးစိုးဝင်း**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ရဲနိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သိန်း [၁၁/ကဖန(နိုင်) ၀၈၆၅၈၉] ဖြစ်ပါကြောင်း။

**ဦးခင်မောင်သိန်း**

### ကိုအောင်မျိုးလှိုင်(ခ)ဘရိုးရ်အဟ်မဒ် (ဘ) ဦးဆိုလိုင်မာန် သိစေရန်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၁၀၀၀) နေ ဦးအဗ်ဒွရ်ရရှီးဒ် ၏ သမီးဖြစ်သူ မချိုချိုအောင် (ခ) ရိုင်ဟာနဟ်ဘီမှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်ကြားလျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းခံရသူ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိ (၅) လမ်း၊ အမှတ် (၈၃)နေ ဦးဆိုလိုင်မာန်၏ သားဖြစ်သူ ကိုအောင်မျိုးလှိုင် (ခ) ဘရိုးရ်အဟ်မဒ်အနေဖြင့် လာရောက်ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြား ချိန်းဆိုအပ်ပါသည်-

တွေ့ဆုံရမည့် နေ့ရက် - ၁၆-၉-၂၀၂၃ ရက် (စနေနေ့)
တွေ့ဆုံရမည့် အချိန် - မွန်းလွဲ (၂:၀၀) နာရီတိတိ။
တွေ့ဆုံရမည့် နေရာ - အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph:09-456662226**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်စိုးနိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်စောထွန်း ဖြစ်ပါကြောင်း။

**ဦးအောင်စောထွန်း**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်မြင့်စိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း [၁၁/ကဖန (နိုင်) ၀၇၃၅၄၇] ဖြစ်ပါကြောင်း။

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၆လမ်း၊ အမှတ်(၁၆၆) နေ ဦးရဲနိုင် [၁၂/ပဇတ(နိုင်)၀၀၆၉၅၃]၏ သမီးဖြစ်သူ မနှင်းလဲ့နိုင် [၁၂/ဗတထ(နိုင်)၀၄၂၈၇၀] ကိုင်ဆောင်သူသည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် ၃-၉-၂၀၂၃ ရက်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲနိုင်**

### အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မအေးအေးလွင်၏ အမည်မှန်မှာ မအေးအေးနွယ် ဖြစ်ပါကြောင်း။

**မအေးအေးနွယ်**

### လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်ဆွေထူး[၁၂/တမန(နိုင်) ၀၉၃၃၈၉] နှင့် ဒေါ်သီဂီ [၁၂/ကမရ(နိုင်)၀၅၈၈၈၂]တို့သည် (၂၆-၄-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် နောက်နောင်ဖြစ်ပေါ်လာမည့် ဒေါ်သီဂီနှင့်ပတ်သက်သမျှသော ကိစ္စအရပ်ရပ်အားလုံးနှင့် လုံးဝပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆွေထူး**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မမျိုးနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြသိန်း [၁၁/ပတန(နိုင်)၀၄၉၀၁၁] ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီတာလမ်း၊ (ဂ/၀၅) ဟုခေါ်တွင်သော မျက်နှာစာဘက် (၁၇)ပေ၊ နောက်ကျောဘက် (၁၅)ပေ၊ ခေါင်းရင်းဘက် (၁၀၈)ပေ၊ ခြေရင်းဘက် (၁၀၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ထိုမြေပေါ်ရှိ တစ်ထပ်တိုက်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မူယာလှိုင်မှ ၎င်းတစ်ဦးတည်း တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်း လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၉၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉ ၄၅၀ ၂၃၉၆၂၂**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ၁- ညောင်ခါးရှည် (Grade-12)တွင် ပညာသင်ကြားနေသော မဇာခြည်မိုး၊ မူလွန် ကမ်းကြီးဆိပ်ကျောင်းမှ မတိမ်လွှာမိုး (Grade-8)နှင့် မောင်သော်ဇင်ဖြိုး (Grade-3) တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး [၇/ဝမန (နိုင်) ၀၉၀၅၀၆] ဖြစ်ကြောင်း။

### သွေးသည် အသက်

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ လူနေရပ်ကွက် (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ မြေကွက်အမှတ်(၁၂၈)၊ တိုက်အမှတ်(၁၇၈)၊ (၅)လွှာ၊ ခေါင်းရင်းခန်း အကျယ်အဝန်း (၁၂x၅၀)ပေ၊ ရေ၊ မီးစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးထွန်းမင်းကြည် [၇/လပတ(နိုင်)၀၈၇၁၄၂]၊ ဒေါ်ယုဝါလှိုင် [၁၄/မအပ(နိုင်)၂၅၃၂၅၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းမိုးကျော် [၉/ကပတ(နိုင်)၂၆၆၃၃၅] ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သန္တာထွန်း(LL.B)** | **ဒေါ်နီလာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၀၅၉၃)** |
| **ဖုန်း-၀၉-၄၅၁၅၂၅၆၉၀၄** | **ဖုန်း-၀၉-၄၂၀၀၉၉၄၉၁** |

**အမှတ်(၆၃၀)၊ နဝရတ်ကိုးလမ်းသွယ်၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၆) မြေညီ(ခေါင်းရင်းခန်း)တိုက်ခန်းအား မူလပိုင်ရှင်ဖြစ်သူ ဦးဇော်ဝင်းထွန်း [၁၂/တမန(နိုင်)၀၇၅၁၀၅]မှ ရောင်းချရန် ကမ်းလှမ်းမှုကြောင့် ဝယ်ယူသူ ဦးတင်မောင်ထွေး [၁၂/ကတတ(နိုင်)၀၀၉၅၉၄]က ၎င်းအခန်းအား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အမှတ်(၆) မြေညီထပ်(ခေါင်းရင်းခန်း) သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ(ကိုယ်တိုင်)**
**ဦးတင်မောင်ထွေး**
**[၁၂/ကတတ(နိုင်) ၀၀၉၅၉၄]**
**No(7)၊141လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**09-781897760, 09-261452796**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကုန်းဘောင် (၁၁)လမ်း၊ မြေကွက်အမှတ် (၈၃၃/ခ)၊ အကျယ်အဝန်း- အလျားxအနံ (၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှဟန် [၁၂/ဥကတ(နိုင်)၀၅၇၉၅၆] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါ နေအိမ်နှင့် မြေကွက်အား အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် [၇/ရကန(နိုင်)၀၀၀၁၀၇]က အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ -၂၂)
### ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃၄ နှင့်ဆက်နွယ်သည့်
### ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၈၇

| | | |
|---|---|---|
| ဒေါ်ငြိမ်းငြိမ်းမျိုး | နှင့် | ၁။ ဒေါ်ဝိုင်းအိစက် |
| | | ၂။ ဦးတင်မောင်ရွှေ |
| | | ၃။ ဦးသန်းထွန်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သွယ်သွယ်ထွန်း) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၁၂၀၁)နေ တရားရှုံး(၂) ဦးတင်မောင်ရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ငြိမ်းငြိမ်းမျိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း ၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင် ကိုယ်တိုင်ဖြစ်စေ ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စမ်းသီတာအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

